၂/၈ ၂၉၄.၃ ၁၁၁၇ ၁၁၁၁၇

အမရပူရမဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ ရေးသားတော်မူသော

သာသနာတော် သန့်ရှင်းပြန့်ပွားရေး

ဂိုဏ်းပေါင်းစုံ သံဃာတော်

နှစ်ထောင်ကျော်အစည်းအဝေး၌

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု

ဆရာတော် ဦးသုန္ဒရ

၏

# ဩ ဝါ ဒ က ထာ

(အကျယ်)

မူရင်းအတိုင်း

သာသနာတော်နှစ် ၂၅၃၆

၁၃၅၄ ခုနှစ်၊ တော်သလင်းလ

၁၉၉၂ခုနှစ်၊ စက်တင်ဘာလ

၂၂၃၃၇
ရက်စွဲ ........
စာကြည့်တိုက်

# ၁။ အချီနိဒါန်း

## သာသနာတော်၏ ပြည့်စုံခြင်း

ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ၊
သံဃဿ သုပ္ပဋိပတ္တိ၊ သော သာသနသမ္ပဒါ။

လောက၌ သတ္တဝါအများ၏ချမ်းသာဖို့ရန် နည်းမှန်လမ်းပြဩဝါဒပေးသူ၏ အဆုံးအမကို "သာသနာ"ဟုခေါ်ရ၏။ ထိုသာသနာသည် သာသနာ့ဒါယကဖြစ်သော ပုဂ္ဂိုလ်၏ သိဖွယ်မှန်သမျှ မကျန်ရအောင် လုံးဝကုန်စင် သိမြင်နိုင်ခြင်း၊ ဟောပြောတော်မူအပ်သော တရားတော်ကို လိုက်နာကျင့်ကြံသူတို့မှာ အကျိုးရလောက်အောင် ကောင်းမွန်သောတရားဖြစ်ခြင်း၊ ထိုတရားတော်အတိုင်းကျင့်ကြံ၊ ကြံကြံ၊ အားထုတ်ကြသောပုဂ္ဂိုလ်အစုအဝေး(သံဃာ)များ ပေါ်ထွက်လာခြင်း၊ ဤလက္ခဏာ ၃ ဖြာ ဂုဏ်အင်္ဂါနှင့် ညီမှသာ ပြည့်စုံသော သာသနာ ဖြစ်နိုင်ပါသည်။

တပည့်တော်တို့၏ဗုဒ္ဓမြတ်စွာသာသနာတော်သည် ထိုဂုဏ်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော သာသနာတော်ဖြစ်၍ ရှေးခေတ်၌ ပဏ္ဍိတ်ကြီးအများ ထွန်းကားပေါ်ထွက်ရာ သာဝတ္ထိ၊ ရာဇဂြိုဟ်စသော တိုင်းကြီး ပြည်ကြီး နယ်အသီးသီး ဝယ် ကြီးကျယ် မြင့်မားသော နယ်ရှင် ပြည့်ရှင် တိုင်းကြီးရှင်နှင့် ပညာရှင်များကို အစထား၍ တိုင်းသူပြည်သား လူအများ၏ လေးစားအပ်သော အမြတ်ရတနာ သာသနာတော်ဟု အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။

ထိုသို့ လူကြီးသူမ ပညာရှိဟူသမျှ၏ လေးစားလောက်သော သာသနာတော်ဖြစ်သည်အားလျော်စွာ ထိုအဆုံးအမ သာသနာတော်ကို အားရပါးရ ရှိလှန်းလှသောကြောင့် အပြင်ကနေ၍ကြည်ညိုရ ထောက်ပံ့ရရုံမျှဖြင့် အားမရဘဲ သာသနာ့အတွင်းသို့ မိမိကိုယ်တိုင် ဝင်၍ဖြစ်စေ၊ သားတော် သမီးတော်များကို သွင်း၍ဖြစ်စေ၊ တရားတော်ကို သင်ယူခြင်း၊ ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းအားဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်သော အမျိုးသမီး အမျိုးသား သံဃာတော် အများကြောင့် မြတ်စွာဘုရား သာသနာတော်သည် တစ်နေ့ထက်တစ်နေ့ ခြား ထင်ရှားတော်မူကာ ပြခဲ့သော လက္ခဏာဂုဏ်အင်္ဂါတို့နှင့် ကောင်းစွာကုံလုံ ပြည့်စုံခဲ့ပါသတည်း။

သာဓု....သာဓု....သာဓု

## ၂။ ဗုဒ္ဓ သုဗုဒ္ဓတာ
### (ဗုဒ္ဓအစစ် ဖြစ်တော်မူပုံ)

**ကြည်ညိုသူ ၄-မျိုး** လောက၌ သတ္တဝါအများ၏လေးစားခြင်း ကြည်ညိုခြင်း၊ အားကိုးခြင်း ခံရသူကို ''ဗုဒ္ဓ(ဘုရား)'' ဟူ၍ အသိအမှတ် ပြုကြရ၏။ လေးစား ကြည်ညိုရာ၌ ကြည်ညို ခံရခြင်း၏ အကြောင်းမှာ ရုပ်အဆင်း သပ္ပာယ်ခြင်း၊ ဂုဏ်သတင်း၏ ကျော်ကြားခြင်း၊ စားဝတ်နေမှု အသုံးအဆောင်စု၌ ခြိုးခြံခြင်း၊ သီလစသော ဂုဏ်ရှိခြင်း အားဖြင့် ၄-မျိုးရှိပါသည်။ ထို ၄-မျိုးတွင် သီလစသောဂုဏ်ကို မကြည့်တတ်ဘဲ ရုပ်အဆင်း၏ လှပခြင်းကိုကြည့်၍ ကြည်ညိုသူသည် လူ့လောကကြီးကို ၃-ပုံ ပုံလျှင် ၂-ပုံလောက်ရှိ၏။ တရားရှိ,မရှိကို မစဉ်းစားတတ်ဘဲ နာမည်ကျော်ကြား ထင်ရှားမှုကို အကြောင်းပြု၍ ကြည်ညိုသူသည် ၅-ပုံ ပုံလျှင် ၄-ပုံလောက် ရှိ၏။

တရား ရှိ,မရှိကို မစဉ်းစားတတ်ဘဲ ခေါင်းခေါင်းပါးပါး ခြိုးခြိုးခြံခြံ နေထိုင်မှုကို အကြောင်းပြု၍ ကြည်ညိုသူသည် ၁၀-ပုံ ပုံလျှင် ၉-ပုံလောက်ရှိ၏။ သီလ သမာဓိ စသော ဂုဏ်အစစ်အမှန်ရှိမှ ကြည်ညိုသူကား လူပေါင်း တစ်သိန်းလျှင် တစ်ယောက်မျှသာ ရှိ၏ဟု ကျမ်းစာတို့၌ ခွဲခြားထားပါသည်။ တပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာသည် ထိုလေးမျိုးလေးစား လူအများ၏စိတ်နှလုံးကို ယူကျုံး ဆွဲငင်နိုင်လောက်အောင် ကြည်ညိုဖွယ် အားလုံးကို ဆောင်တော်မူနိုင်ပါသည်[၁]။

**သေလပါမောက္ခ ကြည်ညိုပုံ** အာပဏ နိဂုံး၌ သေလမည်သော ဗြာဟ္မဏဆရာကြီးသည် သုံးရာသော တပည့်တို့အား ဝေဒကျမ်းစာများကို ပို့ချနေစဉ် ဂေါတမဗုဒ္ဓသည် အာပဏနိဂုံးသို့ ကြွရောက်တော်မူလာကြောင်းကိုကြား၍ဗုဒ္ဓအထံတော်သို့တပည့်များနှင့်အတူ သွားပါသည်။ အထံတော်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာ၏ ရုပ်လက္ခဏာတော်များ၌ မျက်လုံးတော် မျက်ခုန်းတော် လျှာတော်မှစ၍ ဝေဒကျမ်းစာနှင့် ညီ,မညီကို စိစစ်လေရာ လက္ခဏာဘော် အားလုံးပင် ဝေဒကျမ်းစာနှင့်

---

၁။ ပုဂ္ဂလပညတ် ပါဠိတော်၊ အဋ္ဌကထာ။

ကိုက်ညီ၍ နေသောကြောင့် ဤရုပ်လက္ခဏာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှာ ဗုဒ္ဓဖြစ်ဖို့နှင့် စကြာမင်းဖြစ်ဖို့သာ ရှိရကား စကြာမင်း ဖြစ်ထိုက်ပါကြောင်း လျှောက်ထားလေသည်။ ထို့ကြောင့် ရုပ်အဆင်းကိုကြည်ညိုသော လူအများသည် ဗုဒ္ဓမြတ်စွာကို မြင်ရုံမျှဖြင့် လေးစားကြည်ညိုကြရပါသည်[1]။

**ဂုဏ်တော်ကြား၍ ကြည်ညိုကြပုံ**

ယခုလောက၌ နာမည်ကြီးအောင်ကြံဆောင်နေသူတို့သည် နာမည်ကျော်ကြား၍ ထင်ရှားသောကြောင့် မိမိအထံသို့ ရောက်လာသူတို့တွင် စဉ်းစားဉာဏ်မရှိသူတို့၏ကြည်ညိုမှုကို ခံကြရသော်လည်း ဂုဏ်က အစစ်အမှန်မဟုတ်သောကြောင့်စဉ်းစားဉာဏ်ရှိသူတို့၏ ရှုတ်ချမှုကိုလည်း ခံရတတ်ပါသေး၏။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်သတင်းကား အစစ်အမှန်ဖြစ်သောကြောင့် အထံတော်သို့ ရောက်ရှိလာသူတိုင်း နဂိုကြားရတုံးကထက် ကြည်ညိုကြပါသည်။ ဘုရားလက်ထက်တော်၌ သာဝတ္ထိမြို့ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သို့ ကုန်ရောင်းသွားစဉ် နေဝင်မိုးချုပ်မှ ဗုဒ္ဓဟူသောအကြောင်းကို ကြားရ၍ တစ်ညလုံး အိပ်မပျော်အောင် ဗုဒ္ဓအထံတော်သို့ သွားလိုသောဆန္ဒ ပြင်းပြလျက်ရှိပါသည်။ ထို့နောက် ဗုဒ္ဓအထံတော်သို့ ရောက်သောအခါ ပထမအကြိမ်တရားနာရရုံဖြင့် သောတာပန်ဖြစ်၍ နှစ်နှစ်ကာကာ ယုံကြည်သော ကျောင်းဒါယကာကြီး ဖြစ်ရပါသည်[2]။

**မဟာကပ္ပိနနှင့် ပုက္ကုသာတိမင်း**

မဟာကပ္ပိနမင်းသည် သာဝတ္ထိပြည်မှလာသော ကုန်သည်တို့၏ အထံမှ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းကို ကြားရုံမျှဖြင့် ကြည်ညိုလှ၍ အမတ်တစ်ထောင်နှင့်အတူ မြင်းကိုစီး၍ ဗုဒ္ဓရှိရာသို့ ထွက်လာခဲ့ကြလေရာ ဗုဒ္ဓအထံတော်သို့ရောက်သောအခါ တရားတော်ကို နာရ၍ အလွန်ရွှင်လန်းသဖြင့် ရဟန်းပြုကြလေသည်[3]။

ပုက္ကုသာတိရှင်ဘုရင်ကား ဗိမ္ဗိသာရမင်း၏ အထံမှ ရတနာသုံးပါး၏ ဂုဏ်တော်များကိုကြားရ၍ မိမိကိုယ်တိုင် သင်္ကန်းဝတ်ပြီးလျှင် ငိုယိုဘားဆီးကြသော တိုင်းသူပြည်သားတို့ကို ဖယ်ရှားလျက် တောထွက်ခဲ့ပေသည်။ ဘုရားရှင်နှင့် တွေ့သောအခါတရားတော်ကိုနာရ၍ အနာဂါမ်တည်ပါသည်။

---

၁။ မဇ္ဈိမပဏ္ဏာသ သေလသုတ်။

၂။ စူဠဝါ သေနာသနက္ခန္ဓကပါဠိတော်။

၃။ ဓမ္မပဒအဋ္ဌကထာ။

ဤသို့လျှင် ဘုရားရှင်၏ သင်းပျံ့သော ဂုဏ်တော်ရနံ့သည် သတ္တဝါအများ၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်လောက်အောင် အင်အားကို ဆောင်တော်မူနိုင်ပါသည်[၁]။

**ခြိုးခြံတော်မူခြင်း** ဗုဒ္ဓမြတ်စွာသည် လူ့ဘောင်၌ ထီးနန်းသုံးဆောင်ဝယ် စံတော်မူ၍ ကောင်းမြတ်သော အဝတ်တို့ကို ဝတ်ရုံသုံးစွဲကာ မွန်မြတ်သော အာဟာရတို့ကို စားသုံးလျက် မောင်းမမိဿံ အခြွေအရံတို့၏ အလယ်၌ အဘင့်တယ်ဆုံး စည်းစိမ်ရှင် ဖြစ်ခဲ့ပါသော်လည်း တောထွက်တော်မူသည်မှစ၍ စားဝတ်နေမှု ကိစ္စစုဝယ် တစ်ခုတလေမျှ လူ့ဘောင်နှင့် နှိုင်းယှဉ်မရအောင် ခြိုးခြံတော်မူပါသည်။ ဘုရားဖြစ်ဖို့ရန် ဒုက္ကရအကျင့်ကို ကျင့်တော်မူချိန်၌လည်းကောင်း၊ ဘုရားဖြစ်တော်မူချိန်၌ လည်းကောင်း၊ ဓမ္မစကြာ တရားဦးကို ဟောတော်မူချိန်၌ လည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူချိန်၌လည်းကောင်း တောသစ်ပင်များ၏ အနီးအပါး၌သာ သီတင်းသုံးတော်မူပါသည်။ များစွာသော ကာလတို့၌ ကိုယ်တော်တိုင် ဆွမ်းခံတော်မူ၍ ခြိုးခြံစွာ ဘုဉ်းပေးတော်မူပါသည်။ ဤသို့လျှင် ဘုရားရှင်၏ ခြိုးခြံစွာ ကျင့်တော်မူခြင်းသည် ခြိုးခြံမှု ကြည်ညိုနိုင်သော လူအများ၏ နှလုံးသားကို ထိနိုင်လောက်အောင် ဖြောင့်မှန်ခြင်းကို ဆောင်တော်မူပါသည်[၂]။

**ဓမ္မကိုကြည်ညိုသူများ** "တရားရှိသူကိုမှ ကြည်ညိုတတ်သူကား လူပေါင်းတစ်သိန်းတွင် တစ်ယောက်မျှသာ ရှိနိုင်၏" ဟူသော ခန့်မှန်းချက်အတိုင်း ဓမ္မကို ကြည်ညိုသူတို့မှာ ထိပ်တန်းပညာရှိများသာ ဖြစ်ကြပေသည်။ ထိုသူတို့သည် ရုပ်အဆင်း၏ သပ္ပာယ်ခြင်းကို လည်းကောင်း၊ နာမည်ကျော်ကြား ထင်ရှားခြင်းကိုလည်းကောင်း ပမာဏဟု မယူဆကြ။ ခြိုးခြိုးခြံခြံ ကျင့်ခြင်းကို သော်လည်း စဉ်းစားစိစစ် လိုကြပေသေးသည်။ ထို့ကြောင့် မိထိလာမြို့၌နေသော အသက်တစ်ရာ့နှစ်ဆယ်ရှိ၍ အသက်အားဖြင့် အကြီးဆုံးဖြစ်သော စည်းစိမ်အားဖြင့် အကြွယ်ဝဆုံးလည်း ဖြစ်သော ဝေဒကျမ်းအရာဝယ် အသာဆုံးလည်းဖြစ်သော ဗြဟ္မာယု ပါမောက္ခကြီး

---

၁။ ထိုထိုပါဠိတော် အဋ္ဌကထာ

၂။ မဇ္ဈိမပဏ္ဏာသ-ဗြဟ္မာယုသုတ်။

သည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းကို ကြားရသောအခါ မယုံကြည်သေးဘဲ မိမိလို ထင်ရှားသူက ကြားတိုင်းသွား၍ မသင့်တော်သောကြောင့် တပည့်ကြီးဖြစ်သော ဥတ္တရလုလင်ကို ဘုရားရှင်အထံသို့ စုံစမ်းဖို့ရန် စေလွှတ်ပါသည်။

ဥတ္တရလုလင် စုံစမ်းပုံ ဥတ္တရလုလင်သည် ဘုရား အထံတော်သို့ ရောက်သောအခါ ရှေးဦးစွာ ဝေဒကျမ်း၌ပါသော ယောကျ်ားမြတ်လက္ခဏာ အပြည့်အစုံ ရှိ,မရှိကို စုံစမ်း၍ လက္ခဏာများပြည့်စုံကြောင်းကို သိသောအခါ သွားပုံ လာပုံ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံ အလုံးစုံကိုလည်းကောင်း၊ ဒါယကာ ဒါယိကာမတို့အား ပြောပုံဟောပုံကို လည်းကောင်း စုံစမ်း၍ နေသည်မှာ ခုနစ်လကြာလေသည်။ ထိုသို့ ကျေနပ်လောက်အောင် စုံစမ်းပြီး၍ ပါမောက္ခကြီးအထံသို့ ပြန်ရောက်သောအခါ မိမိမြင်ခဲ့ ကြားခဲ့သမျှ အလုံးစုံကို အသံတော်၏ သာယာပုံ သန့်ရှင်းပုံပါမကျန် အမှန်အတိုင်း ပြန်ပြောပြီးလျှင် "ဂေါတမဗုဒ္ဓအရှင်သည် ဤဂုဏ်များထက် ပင် သာလွန်ပါသေး၏" ဟု ပြော၍ ဆုံးသောအခါ ဗြဟ္မာယုပါမောက္ခကြီးသည် ဘုရားရှိရာဘက်သို့ လက်အုပ်ချီပြီးလျှင်—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ၃-ကြိမ် ဥဒါန်းကျူးပါလေသည်။ ထို့နောက် "ဖူးတွေ့ရလျှင် ကောင်းမှာပဲ၊ တရားစကား ဆွေးနွေးမေးမြန်းရလျှင် ကောင်းမှာပဲ" ဟု ပြောဆိုလေသည်။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် တရားရှိမှ ကြည်ညိုနိုင်ကြသည့် အထက်တန်း ပညာရှိများ၏ စိတ်နှလုံးကို ယူကျုံးနိုင်လောက်အောင် သီလစသော တရားတော်ဂုဏ် ပြည့်စုံတော်မူပါသည်[၁]။

ယောကျ်ားမြတ် အာဇာနည် ဗုဒ္ဓမြတ်စွာသည် ၄-မျိုး ၄-စား လူအများ၏ အကြည်ညိုခံရလောက်အောင် ကျက်သရေကို ဆောင်တော်မူရာ၌ ကြည်ညိုဖွယ် ကောင်းရုံသာမက အားရဖွယ်လည်းကောင်းလှပါပေသည်။ ရှင်ဒေဝဒတ်၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးဖြင့် လှိမ့်ချ၍ ဗုဒ္ဓရှင်တော်မြတ်ကို သတ်ဖြတ်ဖို့ ကြံစည်ရာ၌ ကျလာသော ကျောက်တုံးကို အခြားကျောက်တုံးက ခံနေသဖြင့် ထိုကျောက်တုံးမှ ကွာ၍

---

၁။ မဇ္ဈိမပဏ္ဏာသ-ဗြဟ္မာယုသုတ်။

ကျလာသော ကျောက်လုပ်ကလေးသည် ဘုရားရှင်၏ခြေတော်ဖျားကို ခတ်မိသောကြောင့် အလွန်ပြင်းပြသော ဒဏ်ကို ခံတော်မူရပါသည်။ ထိုသို့ ပြင်းပြသောဒဏ်ကို ခံတော်မူရ၍ မဒ္ဒကုစ္ဆိဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်အခါ သန်းခေါင်အချိန်ဝယ် နတ်အများရောက်လာ၍ ဘုရားရှင်ကို ဖူးမြင်ကြလေရာ မခံသာသော အမူအရာ နွမ်းနယ်သောလက္ခဏာကို မတွေ့ကြရဘဲ ညောင်စောင်းပေါ်တွင် ရွှေရုပ်တုတော်ကို တင်ထားသကဲ့သို့ ရှင်ပြသော မျက်နှာတော်ကို ဖူးမြင်ကြရသော်–

"အာဇာနေယော ဝတ ဘော သမဏော ဂေါတမော-ရဟန်း ဂေါတမသည် တကယ့်အာဇာနည် ယောကျ်ားပါတကား၊ အာဇာနည် ယောကျ်ား ဖြစ်သောကြောင့်သာ ဤမျှလောက် ပြင်းပြသော ဝေဒနာကို ဣန္ဒြေမပျက် ခံနိုင်ပါပေသည်" ဤသို့ စသည်ဖြင့် အသီးအသီး ချီးကျူးကြရပါသည်[၁]။

အရဟံဂုဏ်တော် သတ္တဝါ တို့၏ စိတ် အစဉ်သည် စိတ်ကောင်း နှလုံးကောင်း ဖြစ်ပေါ် နေခိုက်၌သာ အထိုက် အလိုက် ကြည်လင်သည်ဟု ဆိုရပါသော်လည်း ပင်ကို သဘော အားဖြင့်ကား ရာဂ ဒေါသ မောဟ စသော ကိလေသာအနောက်အကျုတွေ ခတ်ခံပါနေသောကြောင့် ကြည်ကြည်လင်လင် မရှိကြပါ။ ဗုဒ္ဓမြတ်စွာ၏စိတ်တော်အစဉ်၌ကား ထိုကိလေသာ အနောက်အကျုတွေကင်းစင်၍ နေပါသည်။ ထိုသို့ကင်းစင်ရာဝယ် အခြားရဟန္တာအရှင်မြတ်တို့၌ ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်စေကာမူ နဂိုကပါလာသော ကိလေသာ၏ အထုံဝါသနာ သတ္တိကလေးများ ကျန်ရစ်သေး၏။ ဘုရားရှင်၌ကား ထိုသတ္တိကလေးမျှ မကျန်ရစ်တော့ဘဲ အလုံးစုံ ကင်းစင်သွားပါသည်။ ထိုမျှလောက် ကိလေသာကင်းစင်ခြင်းကို အကြောင်းပြု၍ "အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား" ဟု ထင်ရှားတော်မူပါသည်[၂]။

---

၁။ ဒေဝတာသံယုတ်၊ သကလိကသုတ်။

၁။ အရဟံဂုဏ်တော်ဖွင့် အဋ္ဌကထာများ၊

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်** ကြည်လင်သောမှန်အပြင်ဝယ် အရိပ်ကောင်းကောင်း ထင်နိုင်သကဲ့သို့ ကြည်လင်သော စိတ်အစဉ်ဝယ် အသိဉာဏ်လည်း ကြည်လင်စွာ ထင်ပေါ်၍နေရကား ကြံသမျှ စည်သမျှ အကြံအစည် အားလုံးသည် ရှင်းလင်းမှန်ကန်စွာ ပေါ်ထင်၍ လာကြရပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏အထူးကြည်လင်သော စိတ်တော်အစဉ်ဝယ် အလွန်သန့်စင်သော သီလတော် သမာဓိတော်နှင့် သဗ္ဗညုတဉာဏ် ပညာတော်သည် အကြောင်းအားလျော်စွာ ထင်ပေါ်၍ လာနိုင်ပါသည်။ ထို သဗ္ဗညုတဉာဏ် ပညာတော်ဖြင့် သိရန် အားလုံးကို သိမ်းကျုံးကုန်စင် ကိုယ်တော်တိုင် သိမြင်တော်မူနိုင်ခြင်းကို အကြောင်းပြု၍ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား''ဟု ထင်ရှားတော်မူပါသည်[၁]။

**သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါး** အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ကို သဗ္ဗညုတဉာဏ်တော်ဟု ခေါ်ရပါသည်။ထိုဉာဏ်တော်၌ အစွမ်း ၃-ပါးသည် ထူးခြားစွာ ပါရှိ၏။ (၁) သိရန်မှန်သမျှကို မကျန်ရအောင် အကုန်အစင် သိမြင်တော်မူနိုင်သော အစွမ်း၊ (၂) သိအပ်ပြီးသော တရားတိုင်း၌ ''ဤသို့လည်း ဟော၍ဖြစ်၏၊ ဤနည်းလည်း ဟော၍ဖြစ်၏''ဟု ဟောထိုက်သော အပြားကို ခွဲခြား၍ သိတော်မူနိုင်သော အစွမ်း၊ (၃) တရားနာမည့် ဝေနေယျတို့၏အလိုဆန္ဒကို သိတော်မူသော အစွမ်း ဤသို့ အစွမ်း ၃-ပါးနှင့် ပြည့်စုံသော ဉာဏ်တော်ကြီးကြောင့် တရားဟောပြ၍ ဆုံးမထိုက်သော သတ္တဝါကို မြင်တော်မူလျှင် ထိုသူ၏ သဒ္ဓါတရား အနုအရင့် ဉာဏ်ပညာ အနုအရင့် ရာဂ ဒေါသ မောဟ စသော ကိလေသာ မြူမှုန်တို့၏ အနည်းအများကို နှိုင်းချင့်တော်မူကာ သင့်တော်သော တရားဒေသနာကိုသာ ဆင်ပြင်၍ ဟောပြတော်မူပါသည်။ ထိုသို့ ဟောပြတော်မူသောကြောင့်ပင် တချို့မှာ ဗုဒ္ဓဘာသာကို သက်ဝင်ကြည်ညိုကြ၍ တချို့ကား ရဟန်းပြုကြ တချို့ကား သောတာပန် စသည်ဖြစ်၍ ထိုက်တန်သော အကျိုးထူးကို ရကြပေသည်[၂]။

---

၁။ သမ္မာသမ္ဗုဒ္ဓအဖွင့် အဋ္ဌကထာများ။

၂။ အဋ္ဌသာလိနီအဋ္ဌကထာနှင့် မူလဋီကာ။

**အဆင့်ဆင့် ဆည်းပူးခဲ့ရပုံ**

ဗုဒ္ဓမြတ်စွာသည် ဤမျှလောက်ကြီးမားသော ဉာဏ်တော်ကို တစ်ဘဝတည်း အားထုတ် ပြုကျင့်ရုံမျှဖြင့် ရနိုင်သည် မဟုတ်ပါ။ မိမိလိုအပ်သော အဆာဝတ္ထုကို မလိုရာဘက်သို့ မသွားရအောင် ဆည်းရ တားရသကဲ့သို့ အကြောင်းဖြစ်သော ဒါန သီလ စသော ပါရမီတော်ကို ပြုစဉ်အခါ၌ ဂုဏ်ပကာသနနှင့် စည်းစိမ်တောင့်တမှုဘက်သို့ မသွားစေဘဲ ပညာဘက်သို့သာ သွားအောင်ဆည်းရ၏။ မိမိလိုရာဘက်သို့ ရောက်လာသော အဆာဝတ္ထုကို နဂိုရှိပြီး ဝတ္ထုနှင့် ပူးရ ပေါင်းရသကဲ့သို့ ပညာဘက်သို့ရောက်လာသော ဒါန သီလ စသည်ကိုလည်း နဂိုရှိပြီး ပညာနှင့် ပူးပေါင်းရ၏။ ဤကဲ့သို့ ဆည်းခဲ့ရ ပူးခဲ့ရ ဆည်းပူးခဲ့ရသောဘဝတွေမှာ ကမ္ဘေကမ္ဘာ ရေတွက်၍ မရလောက်အောင် မြားမြောင်လှစွာ အသင်္ချေ အသင်္ချာပင် ကြာခဲ့ပါသည်။ ဤနည်းအားဖြင့် ဒါနပါရမီ တစ်ပါးရလျှင် ဉာဏ်ပညာကြီးမားဖို့၊ သီလပါရမီတစ်ပါးရလျှင် ဉာဏ်ပညာကြီးမားဖို့၊ နေက္ခမ္မပါရမီ တစ်ပါးရလျှင် ဉာဏ်ပညာကြီးမားဖို့ဟု ပါရမီဆယ်ပါးလုံး၏ အကျိုးရမှာ ဉာဏ်ပညာဖို့ချည်းသာ ဖြစ်ခဲ့ပါသည်။ ဉာဏ်ပညာကြီးမားမှုကို လိုလားတော်မူခြင်းမှာလည်း သတ္တဝါတို့အား အမှန်တရားကိုဟောပြဖို့ရန် ကရုဏာ အရင်းခံလျက်ရှိသောကြောင့် နောက်ဆုံးဘဝ၌ ကရုဏာတော် အကြီးကျယ်ဆုံးနှင့် ဉာဏ်ပညာတော် အကြီးမားဆုံးဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ဆူ ဖြစ်တော်မူရပါသည်[၁]။

**အာဝေဏိက ဂုဏ်တော်တချို့**

အခြားအခြားသော ပညာရှိသူတော်ကောင်းများ၌မရ ထိုက်ဘဲ ဘုရားရှင်၌သာရထိုက်သောဂုဏ်တော်တချို့ကို 'အာဝေဏိကဂုဏ်တော်'ဟု ခေါ်ပါသည်။ ထိုဂုဏ်တော်များကို 'တစ်ဆယ့်ရှစ်ပါး'ဟုသတ်မှတ်ထားကြပါသည်။ ထိုတစ်ဆယ့်ရှစ်ပါးတွင် ကောင်းသောအလုပ် သတ္တဝါတို့အား ကောင်းကျိုးများမည့် အလုပ်တို့၌ ပြုလုပ်လိုသော ဆန္ဒတော်၏ မယုတ်လျော့ဘဲ အမြဲအားဖြင့်ပြင်းပြလျက်ရှိခြင်း၊ ဝီရိယတော် တရားဒေသနာတော် သမာဓိတော် ပညာတော်၏ ယုတ်လျော့မသွားဘဲ အမြဲအားဖြင့် တိုးတက်လျက်ရှိခြင်းသည် ဘုရားရှင်၌သာ ဖြစ်နိုင်သောအာဝေဏိကဂုဏ်တော်များဖြစ်ကြပါသည်။ [အခြားပညာ

---

၁။ ထိုထိုပါဠိတော်နှင့် အဋ္ဌကထာများ။

ရှိတို့မှာ အသက်ကြီးလာလျှင် ဝီရိယလျော့ခြင်း၊ တရားဒေသနာ လျော့ခြင်း၊ သမာဓိလျော့ခြင်း၊ ပညာထုံထိုင်းလာခြင်းအားဖြင့် လျော့မှုရှိတတ်ကြပါသည်။]

ထို့ပြင် ဘုရားရှင်၏ ကိုယ်မှု နှုတ်မှု စိတ်မှု ဟူသမျှ၌ ပျော်သည့်အတွက် ပြုခြင်း၊ မဆင်မခြင် အလျင်တဆော ပြုခြင်း၊ ဉာဏ်မပါဘဲ ပြုခြင်း၊ ပျာယီးပျာယာဖြစ်ခြင်း၊ အကျိုးမရှိ အချည်းနှီးဖြစ်သောပြုခြင်း၊ မသိသောအားဖြင့် လျစ်လျူရှုထားခြင်းဟူ၍ တစ်ခုတလေမျှ မရှိပါ။ ကိုယ်မှု နှုတ်မှု စိတ်မှု ဟူသမျှ၌ ဉာဏ်ဖြင့်ဆင်ခြင်ကာ သမာဓိကြီးစွာဖြင့် အကျိုးရှိသော အလုပ်ကိုသာ ပြုလုပ်တော်မူပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ခြေလှမ်းတော်မူသောအခါ၌ပင် အမြဲအားဖြင့် လက်ယာ ခြေတော်ကိုသာ ရှေးဦးစွာ ကြွလှမ်းတော်မူပါသည်။ ကြွလှမ်းပြီးလျှင် ပထမခြေတော်၏ မနီးလွန်း မဝေးလွန်းသော အရပ်၌ ထိုခြေတော်ကို မြေ၌အညီထိအောင် ချထားတော်မူပါသည်။ ကြွလှမ်းတော်မူပုံမှာ မြန်လည်းမမြန်ပါ၊ နှေးလည်းမနှေးပါ၊ ဆင်မင်း၏ ခြေလှမ်းပုံကဲ့သို့ ညင်ညင်သာသာရှိသည့်ပြင် ကေသရာဇာ ခြင်္သေ့မင်း၏ တင့်တယ်ခြင်းကဲ့သို့ အလွန်တင့်တယ်ပါသည်[၁]။

ခန္တီတရား ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်အား ဉာဏ်တော်အား ကြီးမားတော်မူခြင်း အခြေအရံအားတို့ဖြင့် အလွန်ကြီးမားသော အင်အား ရှိပါသော်လည်း မည်သည့်အခါမျှ ထိုအားတို့ကို အားကိုးတော်မမူဘဲ သည်းခံခြင်းအားကိုသာ အမြဲအားကိုးတော် မူပါသည်။ ကောသမ္ဗီမြို့ ဥတေနမင်း၏ မိဖုရား ၃ ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သော မာဂဏ္ဍီမိဖုရားသည် ဗုဒ္ဓမြတ်စွာအပေါ်၌ ရန်ငြိုးထားခဲ့သောကြောင့် ကောသမ္ဗီမြို့သို့ ဘုရားရှင် ရောက်တော်မူလာသောအခါ ဆွမ်းခံဝင်တော်မူလာသောဘုရားရှင်အား နောက်ကလိုက်၍ဆဲကြဖို့ရန် မိစ္ဆာအယူရှိသူ လူဆိုးများကို စေခိုင်းလေသည်။ ထိုလူဆိုးတို့သည် ဘုရားရှင်၏ နောက်သို့ လိုက်၍အမျိုးမျိုး ဆဲကြလေသော် အရှင်အာနန္ဒာသည် အခြားမြို့သို့ကြွဖို့ရန် လျှောက်လေသည်။ ထိုအခါ အာနန္ဒာ၊ သွားရာအရပ်သို့ လိုက်၍ဆဲကြလျှင်

---

၁။ ဝိတင်းမူလဋီကာ၊ မဇ္ဈိမပဏ္ဏာ သေလသုတ် အဋ္ဌကထာ။

ဘယ်မှာ သွားစရာရှိတော့မည်နည်း၊ စစ်မြေပြင်သို့ ဝင်သောဆင်ပြောင်ကြီးသည် ပစ်သမျှမြားဒဏ်ကို အနာခံ၍ ရှေ့သို့ထာတိုးတက်သကဲ့သို့ ငါဘုရားလည်း ပြောဆို ဆဲရေးသမျှဒဏ်ကို သည်းခံတော်မူကာ သွားမြဲ လမ်းကိုသာကြွတော်မူမည်ဟု မိန့်တော်မူပါသည်[၁]။

မေတ္တာတရား လူတစ်ယောက်အပေါ်၌ဖြစ်စေ အများအပေါ်၌ဖြစ်ကြီးမားတော်မူခြင်း စေ ဒေါသ မာန် မာန စသော အပူတရားတွေဖြစ်နေလျှင် ထိုသူ့စိတ်ဓာတ်ဝယ် စိုစိုဖတ်ဖတ် စေးကပ်ခြင်းမရှိဘဲ ခြောက်ကပ်ကပ် ဖြစ်နေတော့၏။ မေတ္တာတရားကား မိခင်က သားကလေးအပေါ်၌ထားသော တရားတစ်မျိုးဖြစ်ရကား ဒေါသ မာန စသောအပူဓာတ်ကို ပယ်ရှား၍ သူတစ်ပါးအပေါ်၌ စိုစိုဖတ်ဖတ် စေးကပ်လျက်ရှိ၏။ တွေ့ရမြင်ရသောအခါ ကြည်လင်ရွှင်ပျ၍ သူတစ်ပါး၏ အကျိုးကိုသည်ပိုးရွက်ဆောင်လိုသော သူတစ်ပါးကို ချမ်းသာစေလိုသော သဘောတရားဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ဖို့ရန် ကြံတော်မူစဉ်တုန်းကပင် ''ဗုဒ္ဓေါ ဗောဓေယံ=ငါကိုယ်တိုင် သိသောအခါ သတ္တဝါအများကိုလည်း သိစေမည်''ဟု ဓိဋ္ဌာန်တော်မူခဲ့သည့် အားလျော်စွာ ဗုဒ္ဓဖြစ်တော်မူသည်မှစ၍ သတ္တဝါအများကို တရားသိစေတော်မူလိုသော ဆန္ဒတော်နှင့် ဒုက္ခမှ လွတ်မြောက်၍ချမ်းသာသုခသို့ ရောက်စေတော်မူလိုသော မေတ္တာတော်သည် လွန်စွာကြီးမားတော်မူပေသည်။ ထို့ကြောင့် တရားဟောပြ ဆုံးမထိုက်သော ဝေနေယျသတ္တဝါအများကို နံနက် စောစောတစ်ကြိမ်၊ နေ့တစ်ကြိမ်အားဖြင့် တစ်နေ့လျှင် ၂-ကြိမ်မျှ ဉာဏ်တော်ဖြန့်၍ ကြည့်ရှုတော်မူပါသည်။ ထိုသို့ကြည့်၍မြင်တော်မူသောအခါ ဆုံးမထိုက်သော သတ္တဝါသည် အလွန်ဝေးကွာသောအရပ်၌ တည်နေခိုက်ဖြစ်လျှင် ထိုအရပ်သို့ ကြွတော်မူ၍ တရားဟောပြဆုံးမတော်မူလေ့ ရှိပါသည်[၂]။

---

၁။ ဓမ္မပဒပါဠိတော်၊ အဋ္ဌကထာ။

၂။ ထိုထို့အဋ္ဌကထာများ။

**တိတ္ထိတို့အား လိုက်လျောတော်မူပုံ** ဗုဒ္ဓမြတ်စွာ၏ မေတ္တာတော်သည် အယူဝါဒအားဖြင့် ဆန့်ကျင်ဖက်ဖြစ်နေကြသော တိတ္ထိပရိဗိုဇ်တို့ အပေါ်၌ သော်မှလည်း ပျံ့နှံ့တော်မူ၏။ ထို့ကြောင့် တိတ္ထိပရိဗိုဇ် တို့၏ ကျောင်းတိုက်သို့ တစ်ခါတစ်ခါ ကြွတော်မူ၍ တိတ္ထိတို့သည်လည်း ဘုရားရှင်ကြွလာခြင်းကို လွန်စွာလိုလားကြ၏။ အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်ဖို့ရန် ကြိုတင်၍ ကြွတော်မူကာ ပေါဋ္ဌပါဒ ပရိဗိုဇ်၏ ကျောင်းတိုက်အနီးသို့ ရောက်တော်မူပါသည်။ ထိုအချိန်၌ ထိုဆရာကြီး၏ တပည့်ကြီးငယ်တို့သည် မင်းစိုးရာဇာအကြောင်း၊ စစ်သည်ဗိုလ်ပါအကြောင်း ဓားပြသူပုန်အကြောင်းမှစ၍စကားမျိုးစုံကိုသူတစ်မျိုးငါတစ်ဖုံပြောသံဆိုသံ တို့ဖြင့် ဆူညံ၍ နေပါသည်။ ထို့ကြောင့် ဆရာပရိဗိုဇ်သည် မိမိတပည့်တို့အား "အရှင်ဂေါတမ ကြွလာသည်၊ တိတ်တိတ်နေကြပါ၊ အရှင်ဂေါတမသည် တိတ်ဆိတ်ခြင်းကို လိုလားပါသည်၊တိတ်ဆိတ်သော နေရာကိုမြင်လျှင် ငါတို့ အထံသို့ ဝင်ချင်ဝင်လာပါလိမ့်မည်"ဟု ပြောလေသည်။ ဘုရားရှင်လည်း ဝင်တော်မူကာ ဆရာကြီးမေးသမျှကို ဖြေဆိုတော်မူပါသည်။ ဤသို့ လိုက် လိုက်လျောလျော ရှိတော်မူသောကြောင့် ဘုရားရှင်ကို တိတ္ထိပရိဗိုဇ်အများ လည်း လေးစားကြည်ညိုကာ တချို့မှာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သို့ ဝင်ရောက်လာကြပါသည်[၁]။

**ကရုဏာတရား ကြီးမားတော်မူခြင်း** သတ္တဝါ အများ၏ ချမ်းသာခြင်းကို လိုလားသော မေတ္တာစိတ်၏ အမြဲကိန်းဝပ်တော်မူရာ ဗုဒ္ဓမြတ်စွာ၌ ဆင်းရဲဒုက္ခသို့ ရောက်နေရသော သတ္တဝါကို မြင်တော် မူသောအခါ ထို ဒုက္ခမှ ကယ်တင်လိုသော မဟာကရုဏာတော်သည် အလိုလို ဖြစ်ပေါ်၍ လာပါသည်။

အခါတစ်ပါး၌အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည်တော်မူရာ ဝမ်းပျက်ရောဂါကြောင့် မိမိ၏ကျင်ကြီးကျင်ငယ်ကိုမျှ မသုတ်သင်နိုင်အောင် ပေနေသော ရဟန်းတစ်ပါးကို မြင်တော်မူရ၏။ ထိုရဟန်းသည် ပင်ကိုက သူတစ်ပါးကိစ္စကို ရွက်ဆောင်ပေးခဲ့ မရသောကြောင့် သူ့ကိစ္စကြုံသောအခါ

---

၁။ သီလက္ခန်-ပေါဋ္ဌပါဒသုတ် စသည်။

ပြုစုမည့်သူမရှိဘဲဖြစ်နေ၏။ ဘုရားရှင်သည် ထိုရဟန်းကိုမြင်တော်မူသောအခါ အရှင်အာနန္ဒာကို ရေနွေးခပ်ခိုင်းတော်မူကာ ကိုယ်တော်တိုင် ရေလောင်းပေးတော်မူပြီးလျှင် သန့်စင်ပြီးသော ထိုရဟန်းကို ဦးခေါင်းဘက်၌ ဗုဒ္ဓမြတ်စွာက ကိုင်တော်မူ၍ ခြေရင်းဘက်၌ အရှင်အာနန္ဒာကို ကိုင်စေတော်မူကာ ညောင်စောင်းပေါ်သို့ သာသာယာယာ တင်ပေးတော်မူပါသည်။ ထို့နောက် ထိုရဟန်းကို ပြုစုဖော်မရသော ရဟန်းတို့အား "သင်တို့မှာ ပြုစုမည့် မိဘများ ရှိကြသည်မဟုတ်၊ အချင်းချင်းမှ မပြုစုလျှင် ဘယ်သူလာ၍ ပြုစုမည်လဲ၊ ထို့ကြောင့် ဆရာ ဉပဇ္ဈာယ် တပည့် တပန်း ရဟန်း သံဃာ အချင်းချင်း ပြုစုကြရမည်၊ မပြုစုလျှင် မကောင်းမှု ဒုက္ကဋ်အာပတ်"ဟု ပညတ်တော်မူကာ ပြုစု၍ လွယ်သော ဂိလာန၊ ပြုစု၍ မလွယ်သော ဂိလာနအကြောင်းကိုပါ စုပေါင်း၍ မိန့်တော်မူပါသည်[၁]။

**စည်းစိမ်ရှင်ကိုလည်း သနားတော်မူခြင်း**

ဗုဒ္ဓမြတ်စွာ၏ ကြီးမားလှသော မဟာကရုဏာတော်သည် ဆင်းရဲနေသူကိုမြင်ရသောအခါ၌သာဖြစ်တော်မူသည် မဟုတ်သေး။ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့ဆဆနှင့် စည်းစိမ်ချမ်းသာခံစားနေသူကို မြင်ရသောအခါ၌လည်း ဖြစ်တော်မူသေး၏။ ထိုစည်းစိမ်ရှင်သည် ယခုဘဝ၌ ချမ်းသာနေသော်လည်း ပေါ့ပေါ့ဆဆ နေမှုကြောင့် နောက်နောက်ဘဝ အဆက်ဆက်၌ ဆင်းရဲဒုက္ခ ရောက်ရမည့်အရေးကို မြင်တော်မူရကား တပျော်တပါးနှင့် လမ်းအမှားကြီးကို သွားနေသူအသွင် မြင်တော်မူကာ လွန်စွာကရုဏာဖြစ်တော်မူပါသည်။ ထိုစည်းစိမ်ရှင်သည် ယခုဘဝ၌ပင် နေ့စဉ်နေ့စဉ် တရွေ့တရွေ့နှင့် မရဏာဘက်သို့ ဇရာကပို့ဆောင်နေသည်ကို မမြင်ရှာခြင်း၊ တကယ့် အိုသေး နာသေး သေသေးကြုံလာလျှင် မှီခိုစရာ အားထားစရာ ပုန်းကွယ်စရာမရှိခြင်း၊ မိမိစည်းစိမ်ကို မိမိအပိုင်ဟု ထင်နေသော်လည်း သေသေးကြုံသောအခါ တစ်ပြားတစ်ချပ်မျှယူ၍ မသွားနိုင်ရှာခြင်း၊ မသေမီအတွင်း ကာလကလေး၌ တဏှာစေခိုင်းသမျှရှာဖွေနေရသဖြင့် တဏှာ၏ကျွန် ဖြစ်နေရရှာခြင်းစသည်ကို တွေးတောတော်မူကာ မဟာကရုဏာကြီးမားစွာ ဖြစ်တော်မူပါသည်[၂]။

---

၁။ ဝိနည်းမဟာဝါ စီဝရက္ခန္ဓကပါဠိတော်။
၂။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အလုပ် ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ အပေါ်၌ သနားကြင်နာများတော်မူပုံ ကရုဏာတော် ကြီးမားလှသောကြောင့် သတ္တဝါတို့အကျိုး ငှာ အမြဲအားဖြင့် အလုပ်များတော်မူပါသည်။ အရုဏ် မတက်မီ နံနက်စောစော၌ မဟာကရုဏာ သမာပတ်တော်ကို ဝင်စား၍ တရားဟောပြ ဆုံးမထိုက်သော သတ္တဝါများကို ကြည့်တော်မူရ၏။ ထိုသို့ ကြည့်၍ မြင်တော်မူလျှင် အချိန်အားလျော်စွာ ဆွမ်းခံကြွတော်မူရင်းလည်း ဟောပြောညွှန်ပြတော်မူ၏။

အခါတစ်ပါး၌ ဆွမ်းခံကြွတော်မူစဉ် မြွေကိုရိုက်ပုတ်နေကြသော ကလေးများကို မြင်တော်မူ၍ ''မိမိ၏ ချမ်းသာကို သတ္တဝါတိုင်း လိုချင်ကြ၏။ ထို့ကြောင့် မိမိချမ်းသာရေးအတွက် သူတစ်ပါးကို မညှဉ်းဆဲကြနှင့်၊ သူတစ်ပါးကို ညှဉ်းဆဲသူဟာ နောက်ဘဝ၌ ချမ်းသာကိုမရနိုင်'' ဟု ကလေးများနှင့် ထိုက်တန်သော ဩဝါဒကို ပေးတော်မူပါသည်။ ဆွမ်းခံ ပြန်တော်မူလာသောအခါ ခြေဆေးခုံတော်၌ ထိုင်တော်မူ၍ ခြေဆေးတော်မူယင်းလည်း၊ ရဟန်းများအား မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဖို့နှင့် လူ့ဘဝ စသည်တို့၏ ရခဲပုံကိုလည်း၊ ဟောတော်မူ၏။ ထို့နောက် ရဟန်းတို့အား ကမ္မဋ္ဌာန်းပေးတော်မူပြီးလျှင် ခေတ္တမျှ တစ်ပါးတည်းကိန်းအောင်းတော်မူ၏။ ခေတ္တမျှ ကိန်းအောင်းပြီးသောအခါ ညနေချမ်း၌ တရားဟောပြ ဆုံးမသင့်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏။ တရားနာသူတို့ ပြန်သွား၍ ရေသုံးသပ်တော်မူပြီးလျှင် ခေတ္တမျှ နားနေရာတွင် နေဝင်ချိန်ရောက်၍ အထံတော်သို့ ရောက်လာသော ရဟန်းတော်တို့အား ကမ္မဋ္ဌာန်းပေးရ၊ ပုစ္ဆာဖြေရ၊ တရားဟောတော်မူရခြင်း အားဖြင့် ညဉ့်ဦးယံကာလကို ကုန်စေတော်မူ၏။ ထို့နောက် ရောက်လာသော နတ်ဗြဟ္မာတို့အား တရားဟောရ၊ ပုစ္ဆာဖြေရခြင်းအားဖြင့် သန်းခေါင်ယံကာလကို ကုန်လွန်စေတော်မူရ၏။

မိုးသောက်ယံကာလကို ၃-ပိုင်းပိုင်း၍ ပဌမအပိုင်း၌ စင်္ကြံကြွတော်မူ၏။ အလယ်ပိုင်း၌ ခေတ္တမျှ ကျိန်းစက်တော်မူ၏။ တတိယပိုင်း၌ ခပ်စောစော ထတော်မူပြီးလျှင် ထိုနေ့အဖို့ဝယ် ဟောပြောပြသဆုံးမထိုက်သော သတ္တဝါ

တို့ကို ကြည့်တော်မူပြန်၏။ ဤနည်းအားဖြင့် သတ္တဝါအများ၏ စီးပွားချမ်းသာကို ကိုယ်တော်တစ်ပါး၏ တာဝန်ကဲ့သို့ နေ့စဉ် နေ့စဉ် ဆောင်တော်မူနိုင်သည်မှာ ကိုယ်ကာယတော်ကလည်း အာဇာနည်ယောကျ်ားပီသအောင် ကျန်းမာတော်မူလှခြင်း၊ သတ္တဝါတို့အပေါ်၌ ထားတော်မူ အပ်သော မေတ္တာကရုဏာတော်ကလည်း ကျယ်ပြန့်တော်မူလှခြင်း၊ ဉာဏ်တော်ကလည်း ကြီးမားတော်မူလှခြင်းကြောင့်သာ ဖြစ်နိုင်ပါပေသည်[၁]။

**ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ကြိုးစားတော်မူခြင်း**

ဗုဒ္ဓမြတ်စွာ၏ ထိုကဲ့သို့ နေ့မနား ညဉ့်မနား ကြိုးစားတော်မူသည်မှာ နှစ်၊ လ အနည်းငယ်သာမဟုတ်ပါ၊ ၄၅-ဝါ ကာလပတ်လုံး ပရိနိဗ္ဗာန် စံတော်မူကာနီး အချိန်တိုင်အောင်ပင် ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့၌ သီတင်းသုံးတော်မူစဉ် "နောင် ၃-လကြာလျှင် ပရိနိဗ္ဗာန်စံတော်မူမည်" ဟု ကြိုတင်၍ အသိပေးတော်မူ၏။ ထို ပရိနိဗ္ဗာန် စံတော်မူမည့် နေ့၏ ညဉ့်၌ သုဘဒ္ဒမည်သော ပရိဗိုဇ်၏ အကျွတ်တရားရမည့် အရေးကို မြင်တော်မူ၍ ဝမ်းသွေးသွန်သောရောဂါ ဖြစ်နေပါလျက်ပင် ၃-ဂါဝုတ် ဝေးသော ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ကြွတော်မူ၍ သုဘဒ္ဒပရိဗိုဇ်ကို အကျွတ်တရားရရှိစေတော်မူပါသည်။

ထို့နောက် အရုဏ်တက်ခါနီးအချိန် ရောက်သောအခါ အနီးအပါးတွင် ရောက်နေသော သံဃာတော်တို့အား ဘုရား တရား သံဃာ အကျင့်သိက္ခာ၌ ယုံမှားသံသယ ရှိကြလျှင် မေးမြန်းဖို့ရန် တိုက်တွန်းတော်မူ၏။ ထိုအခါ ယုံမှားသံသယ မရှိကြသောကြောင့် အားလုံး တိတ်ဆိတ်စွာဖြင့် နောက်ဆုံး အမိန့်တော်ကို နားစိုက်၍ နေကြစဉ် "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ- ရုပ်နာမ်သင်္ခါရတို့သည် ပျက်ခြင်းသဘော ရှိကြ၏။ မမေ့မလျော့သော သတိဖြင့် သီလ သမာဓိ ပညာ ၃-ဖြာသော သိက္ခာကို ပြီးစီးစေရစ်ကြ" ဟု နောက်ဆုံး ဩဝါဒကို မိန့်တော်မူပါသည်။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် နောက်ဆုံးအချိန်ကျအောင် ကိုယ်တော်၏ ပင်ပန်းမှုကို လျစ်လျူရှုထား၍ သတ္တဝါအများ စီးပွားအလို့ငှာ သာ မနေမနား ကြိုးစားတော်မူပါသည်[၂]။

---

၁။ သီလက္ခန် အဋ္ဌကထာ စသည်။

၂။ မဟာပရိနိဗ္ဗာနသုတ်။

ပြန်၍အာရုံယူပါ ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကိုပြ၍ မကုန်နိုင်ပါ။ ဤမျှလောက် အကျဉ်းမျှပြခဲ့သော အကြောင်းအရာကို ပြန်၍အာရုံယူသောအခါ ဘုရားရှင်၏ ပုံသဏ္ဌာန်တော်သည် တင်စုံတစ်ယောက်၏အကျိုးကို ဆောင်တော်မူနေပုံ ဟောပြောနေပုံနှင့်အတူ ထင်လာတော်မူစရာရှိပါသည်။ ထိုသို့ထင်လာသောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းသပ္ပာယ်သောကိုယ်တော်၊ အာဇာနည်ယောကျာ်း ပီသ၍ တောင့်တင်း ခိုင်မာလှစွာသောကိုယ်တော်၊ ကြီးမားသော ဉာဏ်ပညာတော်ဝယ်ခြယ်လှယ်၍နေသော မေတ္တာတော် ကရုဏာတော်နှင့်အတူ ချိုသာတော်မူလှသော အသံတော်ဖြင့် တရားမမှ ဟောပြတော်မူနေပုံ၊ အအားနေတော်မူချိန်မရှိ ပရိနိဗ္ဗာန် စံတော်မူသည့်တိုင်အောင် လူနတ်အများ၏ အစီးအပွားကို ဆောင်တော်မူနေပုံကို အာရုံပြုကာ ဤသာသနာတော်၏ အရင်းအစဖြစ်သော ဗုဒ္ဓ၏ ဗုဒ္ဓ အစစ်အမှန်ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သော သဒ္ဓါစစ် သဒ္ဓါမှန် ကိန်ဖြစ်ပေါ်လာပါလိမ့်မည်။ ထိုသို့ သဒ္ဓါစစ် သဒ္ဓါမှန် ကိန်ရှိသူ အဘယ်လူအဘယ်နတ် အဘယ်ဗြဟ္မာ အဘယ်သတ္တဝါသည် အဘယ်မှာလျှင် ဗုဒ္ဓမြတ်စွာကို မကိုးကွယ် မဆည်းကပ်ဘဲ နေနိုင်ပါတော့အံ့နည်း။ အသက်ကိုအပ်နှင်း၍အရင်းဆုံးတပည့်အဖြင့်ဖြင့် ယုံကြည်လေးမြတ် ဆည်းကပ်မြတ်နိုးကိုးကွယ်မည်သာ ဖြစ်ပါသတည်း။

သာဓု-သာဓု-သာဓု။

## ၃။ ဓမ္မ သုဓမ္မတာ

## (တရားတော်၏ ကောင်းမွန်ခြင်း)

ဓမ္မ၏ အောက်သို့ ကျမသွားအောင် ဆောင်ထား နိုင်သော သရုပ်သဘော သဘောကို "ဓမ္မ" ဟူ၍ ဆိုရ၏။ မည်သည့်ပုဂ္ဂိုလ် ပေဟာ ပြော ညွှန်ပြသည်ဖြစ်စေ ဓမ္မအစစ်အမှန်ဖြစ်လျှင် ထိုဓမ္မ အတိုင်းနေထိုင်သူအား အောက်တန်းသို့ ကျမသွားအောင် ဆောင်ထားနိုင် သော သတ္တိရှိရမြဲဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ ဓမ္မရတနာများသည် နည်းနည်း ပါးပါး လိုက်စားသူကို နည်းနည်းပါးပါး အောက်ကျမသွားအောင်၊ များများစားစားလိုက်နာသူကို များများစားစားအောက်ကျမသွားအောင် ဆောင်ထားနိုင်ပါသည်။ ထို့ကြောင့် လောကကြီးပွားရေးကို လိုလား၍ "အသေဝနာစ ဗာလာနံ"စသောမင်္ဂလာတရားကိုလိုက်နာသူသည် လောက ၌ အောက်ကျ နောက်ကျ လူစားမျိုးမဖြစ်ရအောင် တရားတော်က ဆောင် ထားသဖြင့် အဆင့်အတန်းမြင့်သော လူတန်းစားအဖြစ်သို့ ရောက်နိုင်ပါ သည်၊ အပါယ်ဆင်းရဲကို ကြောက်၍အထက်တန်းတရား လိုက်စား ကျင့်ကြံ သော ပုဂ္ဂိုလ်သည် ထိုတရား၏ ဆောင်ထားမှုကြောင့် အပါယ်ဆင်းရဲသို့ ကျမသွားဘဲ အထက်တန်းဘဝဖြင့် နိဗ္ဗာန်သို့တိုင်အောင် ရောက်နိုင်ပါသည်။ ထို့ကြောင့် သတ္တဝါတို့ကို အောက်ကျနောက်ကျ မဖြစ်ရအောင်၊ အပါယ် ၄-ပါး ကျမသွားအောင် ဆောင်ထားနိုင်သော ဓမ္မကိုသာ ဓမ္မအစစ် ဓမ္မ အမှန် မှတ်ယူရပါသည်[၁]။

ဓမ္မအကျိုးကို "ဓမ္မသည် လိုက်နာကျင့်ကြံသူအား ဆင်းရဲဒုက္ခသို့ မရောက် ကြည့်နည်း ရအောင် ဆောင်ထားနိုင်၏" ဟု ဆိုရာ၌ ယခုချက်ချင်း လက်ငင်းအကျိုးကို ကြည့်ရုံမျှဖြင့်သာ ဘဝအစစ်အမှန် ကျအောင် ဆောင်ထားနိုင်ပုံကို မသိနိုင်ပါ။ ကွက်ကျော် အကြည့်မျိုးဖြင့်

---

၁။ ဓာရေတီတိ ဓမ္မော၊ အဖွင့်အဋ္ဌကထာများ။

အရှည်ကို မျှော်ကိုး၍ကြည့်နိုင်မှသာ သဘာဝ အစစ်အမှန်ကျအောင် သိနိုင်ပါသည်။ ဥပမာ- မမာနေသော ကလေးသည် သူစားချင်သောအစာကို မိခင်က မပေးလျှင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မည်မှာ အမှန်ပင်ဖြစ်သော်လည်း ထိုဆင်းရဲမှုကြောင့်မိခင်၏မပေးခြင်းကိုမတရား(အဓမ္မ)ဟုမဆိုရပါ။ထိုမပေးခြင်းသည်လမ်းမှန်ကျသော ဓမ္မဟုသာ ဆိုရသကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ "အသေဝနာ စ ဗာလာနံ" စသော တချို့တရားဓမ္မများသည် လူမိုက်နှင့်ပေါင်းမှ လောကအကျိုး ရမည့်သူတို့က မကျေနပ်ဖွယ် ဖြစ်ပါသော်လည်း စင်စစ်အားဖြင့် လူမိုက်နှင့်ပေါင်းမိက ခဏမျှသာ ချမ်းသာခွင့်ပေးကောင်း ပေးနိုင်မည် ဖြစ်စေကာမူ အရှည်ကျလျှင် ဧကန်မုချ ဒုက္ခကိုသာ ပေးနိုင်မည် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဩဝါဒဖြစ်သော တရားတော်ကို လိုက်နာရာ၌ တစ်ခဏကလေးကို လည်းကောင်း၊ တစ်ဘဝကလေးကို လည်းကောင်း မကြည့်ရဘဲ နောက်ဆင်းရဲရမည့်အရေး အပါယ်ဘေးတို့ကိုပါ ကြည့်နိုင်မှ တရားဓမ္မ၏ အောက်မကျအောင် ဆောင်ထားနိုင်ပုံကို ကောင်းကောင်း သိနိုင်ပါသည်[၁]။

**တရားတော် ၃-မျိုး** ဗုဒ္ဓမြတ်စွာ၏ ဓမ္မဒေသနာသည် ဝိနည်း သုတ္တန် အဘိဓမ္မာအားဖြင့် ၃-မျိုး ၃-စားရှိ၏။ ဝိနည်းတရားတော်သည် ရဟန်း သံဃာတော်များအတွက် မပြုမကျင့် ရှောင်ကြဉ်ရမည့် အချက်များကို ပြထားသော ပြုကျင့်လျှင် မည်သည့်အပြစ် သင့်ရောက်စေမည်ဟု အမိန့်အာဏာတော် ဖြစ်သောကြောင့် "အာဏာဒေသနာတော်" ဟု ခေါ်ရ၏။ သုတ္တန် ဒေသနာတော်သည် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ ပြောဆိုရိုး စကားဖြင့် နားလည်အောင် ဟောတော်မူအပ်သော ဒေသနာတော်ဖြစ်သောကြောင့် "ဝေါဟာရဒေသနာတော်" ဟုခေါ်ရ၏၊ အဘိဓမ္မာဒေသနာတော်ကား ဤများပြောရိုးစကားလုံးဖြင့်သုံးနှုန်းခေါ်ဝေါ်မှုမပြုဘဲ သူ့သဘာဝအတိုင်း "ဖဿ ဝေဒနာ ပဌဝီ အာပေါ" စသည်ဖြင့်အစစ်အမှန် အနက်သဘောကိုသာ ဟောပြတော်မူအပ်သော ဒေသနာတော် ဖြစ်သောကြောင့် "ပရမတ္ထ ဒေသနာတော်" ဟူ၍ ခေါ်ဆိုရပေသည်[၂]။

---

၁။ ထိုထိုတရားတော်များ။

၂။ အဋ္ဌကထာကြီးများ၏ နိဒါန်း

ဝိနည်းတရား၏ ဝိနည်းတရားတော်သည် ရဟန်းသံဃာတော်များ၏ ကိုယ်ထူးခြားချက် မှု နှုတ်မှု အနေအထိုင် အပြောအဆိုကို ယဉ်ကျေးအောင် ဆုံးမတော်မူသောကြောင့် ထိုဝိနည်းတရား၏ ဆုံးမထားသည့်အတိုင်း ရဟန်းသံဃာတော်များသည် ယဉ်ကျေးစွာ နေထိုင် ပြောဆိုကြရ၏။ ထိုသို့ ယဉ်ကျေးစွာ နေထိုင်ပြောဆိုတတ်အောင်လည်း ဆရာသမားအဆက်ဆက်က လက်တွေ့သင်ပြ၏။ ထိုသို့ သင်ပြသည့်အတိုင်း နေထိုင်ကြသော ရဟန်းသာမဏေများကို ပစ္စည်း ၄-ပါးထောက်ပံ့ကြသော ဒါယကာ ဒါယိကာမတို့က ကျေကျေနပ်နပ် ထောက်ပံ့ကြ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် သိက္ခာပုဒ်ဥပဒေတစ်ရပ်ကို အမိန့်ချမှတ်တော်မူလိုသောအခါ "မကြည်ညိုသေးသူများ၏ ကြည်ညိုစရာ ဖြစ်ဖို့အကျိုးငှာ၊ ကြည်ညိုပြီးသူများ၏သဒ္ဓါ တိုးပွားဖို့ အကျိုးငှာ ဤသိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။ ဤသို့ မကြည်ညိုသေးသူတို့ကို ကြည်ညိုစေနိုင်ခြင်း၊ ကြည်ညိုပြီး သူတို့ကို အကြည်ညိုတိုးစေခြင်းသည် ဝိနည်းတော်မှ၏ ကောင်းမွန် မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၁]။

**ဝိနည်းသည် သာသနာတော်၏အသက်** ဝိနည်းတရားတော်ကို သာသနာတော်၏အသက်ဟု အသိအမှတ်ပြုကြပါသည်။ ရဟန်းဖြစ်မှု ရှင်သာမဏေ ဖြစ်မှုကို ဝိနည်းထုံးတမ်းအတိုင်းသာပြုရ၏။ ရဟန်းဖြစ်ပြီး ရှင်သာမဏေ ဖြစ်ပြီးသောအခါ၌လည်း ဝိနည်းတော်အတိုင်းသာ ဝတ်စားနေထိုင်ရ၏။ ထိုသို့ နေထိုင်သူကို လူဝတ်ကြောင်တို့က ကျေနပ်ကြ ကြည်ညိုကြသောကြောင့်စားဝတ်နေမှုကိုထောက်ပံ့ကြ၏။ ထိုသို့ထောက်ပံ့သူရှိသောကြောင့်သာ ဤသာသနာတော်ကြီး တာရှည်စွာ တည်တံ့နိုင်ပေသည်။ ထို့ကြောင့် သာသနာတော် တည်ရှိဖို့အကြောင်းမှာ ဝိနည်းအတိုင်း ကျင့်ကြံ နေထိုင်ကြခြင်းပင် ဖြစ်သောကြောင့် ဝိနည်း တရားတော်ကို "သာသနာတော်၏ အသက်" ဟု အသိအမှတ် ပြုတော်မူကြပါသည်။

အကယ်၍ ဝိနည်းမရှိလျှင်၊ သို့မဟုတ် ဝိနည်းတော်အတိုင်း မဆောင်ရွက်လျှင် ရဟန်းအစစ် ရှင်သာမဏေအစစ် မဖြစ်နိုင်။ ဝိနည်းအတိုင်း မကျင့်သူကို လူဝတ်ကြောင်တို့ မကြည်ညိုနိုင်။ လူဝတ်ကြောင်တို့ မကြည်ညိုလျှင် ပစ္စည်း

---

၁။ ဝိနည်းပါဠိတော်

၄-ပါး အထောက်အပံ့မရသဖြင့် သာသနာ့ဝန်ဆောင်နိုင်သူ မရှိတော့ရကား သာသနာတော် အသက်ထွက်တော့မည်သာ ဖြစ်တော့၏။ သာသနာ အသက်မရှိလျှင် အဝတ်ဝါကို ဝတ်ဆင်နေသူတွေရှိစေကာမူ သာသနာ တည်ရှိသည်ဟု မဆိုနိုင်တော့ပါ။ ထို့ကြောင့် သိက္ခာပုဒ်ဥပဒေတစ်ရပ်ကို ပညတ်တော်မူလိုသောအခါ "သူတော်ကောင်းတရား၏ တည်တံ့ဖို့ရာ သိက္ခာပုဒ် ပညတ်တော်မူမည်" ဟု မိန့်တော်မူပါသည်။ ဤသို့ မိန့်တော်မူသည့်အတိုင်း သာသနာတော်၏ တည်တံ့ကြောင်းဖြစ်ခြင်းသည် ဝိနည်းတော်ဓမ္မ၏ ကောင်းမွန်မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၁]။

**သုတ္တန်တရားတော်** ဗုဒ္ဓမြတ်စွာသည် သုတ္တန်တရားတော်များကို ဟောတော်မူခါနီး၌ ထိုတရားတော်ကို နာယူမည့် ပုဂ္ဂိုလ်၏ အလိုဆန္ဒ သဘောကိုလည်း ကြည့်တော်မူ၏။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့တွင် အဘယ်တရားကလိုနေ၍ အဘယ်တရားက ပိုနေပါလိမ့်မည်နည်းဟု ကြည့်တော်မူ၏။ ထိုသူ၏ ပညာမျက်စိ၌ ရာဂ ဒေါသ မောဟစသော ကိလေသာမှုတို့တွင် အဘယ်မှုကထူနေ၍ အဘယ်မှုက ပါးနေပါလိမ့်မည်နည်းဟု ကြည့်တော်မူ၏။ ထိုသို့ကြည့်နိုင်သော ဉာဏ်တော်ကို ဗုဒ္ဓမြတ်စွာသာ ရနိုင်ပါသည်။ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကစသော ရဟန္တာအရှင်မြတ်တို့ မရနိုင်ကြပါ။ ထိုသို့ ဉာဏ်တော်ဖြင့် ကြည့်တော်မူပြီးမှ အလွန် ကျွမ်းကျင်သော သမားတော်သည် သင့်လျော်သောဆေးကို ပေးသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် သိတော်မူအပ်ပြီးသော တရားအမျိုးမျိုးမှ သင့်တော်သော တရားတစ်မျိုး သင့်တော်သော ကျင့်နည်းတစ်မျိုးကို ဟောပြတော်မူပါသည်။ သမားတော်သည် ရောဂါပျောက်နိုင်လောက်အောင် လူနာအားသာ ဆေးပေးသဖြင့် ထိုဆေးစားသူမှာ မုချ ရောဂါပျောက်ရသကဲ့သို့၊ ဘုရားရှင်သည် ယိုသာရားဖြင့် အကျိုးရလောက်သူကိုသာ ဟောပြတော်မူသောကြောင့် တရားတော်ကို သီးခြားနာရသူ မှန်လျှင် ကေန်မုချ တစ်မျိုးမျိုးသော ကောင်းကျိုးကို ရရှိနိုင်ပါသည်။ ဤသို့မျှော်မှန်းသည့် ကောင်းကျိုးကို ရစေနိုင်ခြင်းသည် သုတ္တန်ဓမ္မ၏ ကောင်းမွန်မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၂]။

---

၁။ ဝိနည်းပါဠိတော် အဋ္ဌကထာ။

၂။ အဋ္ဌကထာများ။

**သုတ္တန်၏အရသာ** ဝိနည်း ဒေသနာတော်သည် လည်းကောင်း၊ အဘိဓမ္မာ ဒေသနာတော်သည်လည်းကောင်း ထိုကဲ့သို့တရားအထူးကို ရစေနိုင်သော သဘောမရှိကြပါ၊သုတ္တန်ဒေသနာတော်သာလျှင် တရားနာပုဂ္ဂိုလ်၏ အလိုလိုက်၍ နှစ်ခြိုက်လောက်အောင် ဟောပြတော် မူအပ်သောကြောင့် တရားထူးကို ရစေနိုင်ပါသည်။ သုတ္တန်ဒေသနာတော်သည် အနက်အဓိပ္ပာယ် နားလည်အောင် ပြောပြနိုင်သူက ဟောပြသောအခါ၌ ဖြစ်စေ၊ အသံကောင်းသော တရားဟောပုဂ္ဂိုလ်က ပါဠိတော်သက်သက်ကို ရွတ်ဆိုနေသောအခါ၌ဖြစ်စေ နားထောင်နေရရုံမျှဖြင့်သောကပရိဒေဝ(ဝမ်းနည်းမှု ငိုကြွေးမှု) စသော စိတ်အနှောက်အယှက်တွေ ကင်းစင်၍ ကြည်လင်အေးမြနေစေနိုင်ပါသည်။ထိုတရားတော်အတိုင်းကျင့်ကြံနေထိုင်သောအခါ၌လည်း လောဘ ဒေါသ မာန်မာနတို့ နည်းပါး၍ နည်းပါး၍ သဒ္ဓါ ပညာ သမာဓိ ဝီရိယတို့ ကြီးမား၍ ကြီးမား၍လာကာ လွန်စွာ အရသာရှိပါသည်။ ကျင့်၍ တရားပေါက်သောအခါ၌ကား တစ်သံသရာလုံးက ပါလာသော တရားဆိုးတွေ အကုန်ကင်း၍ သန့်ရှင်း ကြည်လင်စွာ မကြုံစဖူးထူးသော အရသာကို ခံစားကြရပါသည်။ ထို့ကြောင့် သုတ္တန်တရားတော်သည် အစကောင်း အလယ်ကောင်း အဆုံးကောင်းအားဖြင့် အားလုံးကောင်းသော တရားတော်ကောင်းကြီး ဖြစ်ခြင်းသည် သုတ္တန်တရားတော်၏ ကောင်းမွန်မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၁]။

**ကာလာမသုတ်တော်** ကာလာမသုတ်ဟု ထင်ရှားသော သုတ္တန်တရားတော်သည် သာသနာတော်၏ သန့်ရှင်းတိုးပွားရေးကိုလည်းကောင်း၊ တိုင်းပြည်၏ စည်ပင်သာယာရေးကို လည်းကောင်း အားကြိုးမာန်တက် ဆောင်ရွက်ကြသော ဆရာ ဒကာတို့အတွက် အားပေးသော၊ သို့မဟုတ် သတိပေးသော တရားတော်ဖြစ်၍ ခေတ်အားလျော်စွာ လေးစားထိုက်လှပါပေသည်။

အို....ကာလာမ အမျိုးသားတို့၊

၁။ ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်း "ဟုတ်တယ် မှန်တယ်"ဟု အစွဲအမြဲ မယူကြနှင့်။

---

၁။ အဋ္ဌကထာအဖွင့်များ။ ၁၁၁၁၅

၂။ မိဘ ဘိုးဘွား စသည်တို့မှ ဆင်းသက်၍(ပရံပရ-အဆက်ဆက်) မှတ်ယူလုပ်ကိုင်ရိုးဖြစ်၍လည်း အမြဲအစွဲ မှတ်ယူမထားကြနှင့်။

၃။ "ဣတိ ကိရ ဒီဟာက ဒီလိုတဲ့"ဟု အခြားတစ်ယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲမှတ်ယူမထားကြနှင့်။

၄။ "ဒီအယူအဆသာ ငါတို့သင်ထားသော ကျမ်းစာနှင့်ညီတယ်"ဟု မိမိတို့ကျမ်းစာနှင့်ညီနေရုံမျှဖြင့်လည်း မှတ်ယူမထားကြနှင့်။

၅။ မိမိဘာသာ ကြံစည်ထားသော အရာကိုလည်း "ဟုတ်လှပြီ မှန်လှပြီ"ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ အခြားနေရာ(အခြားနိုင်ငံ)တို့၌ သူတစ်ပါးတို့ လုပ်နည်း ကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ(ဤနိုင်ငံ)၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ တင်စုံတစ်ခုပြုဖို့ရာ အကြောင်း အထောက်အထားကို စဉ်းစား ရာငယ်အကြောင်း အထောက်အကောင်းရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲ ယူမထားကြနှင့်။

၈။ "သူပြောသော အယူဝါဒသည် ငါတို့ စဉ်းစား ကျေနပ်ထားသော အယူနှင့် ညီမျှပေသည်"ဟု အယူဝါဒချင်း တူမျှရုံဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ "ဤ ရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်း ပုဂ္ဂိုလ်တည်း၊ ဒီလိုပုဂ္ဂိုလ်၏ စကားကို လေးလေးစားစား မှတ်သားထိုက်သည်"ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

၁၀။ ဤရသေ့ရဟန်းကား ငါတို့ကိုးကွယ်ထားသော ဆရာဖြစ်၏၊ ငါ့ဆရာ့စကားတို့ ငါမှတ်သားသင့်သည်"ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

ကာလာမအမျိုးသားတို့ "ဤအကျင့်တွေသည် ကောင်းလည်းမကောင်း အပြစ်လည်းမကင်း ပညာရှိ ကဲ့ရဲ့စရာလည်းဖြစ်၏။ ထိုအကျင့်အကြံအလုပ်

အကိုင်ကိုပြုလိုက်လျှင် စီးပွားမဲ့ဖို့ ဒုက္ခရောက်ဖို့ဖြစ်၏''ဟု ကိုယ်တိုင်နားလည်လာသည့်အခါ ထိုအကျင့်ထိုအပြုအမူများကို စွန့်လိုက်ကြ၊ ''စီးပွားတိုးတက်၍ သုံးခရဖို့အကျင့်အကြံများ''ဟု ကိုယ်တိုင်နားလည်ထားသောအကျင့်အကြံများကိုသာ လိုက်နာပြုကျင့်ကြ၊ ဤသို့ဟောတော်မူပြီးလျှင် ဒုစရိုက် သုစရိုက်များကို ခွဲခြား၍ မေတ္တာ ကရုဏာစသော တရားများကို ဟောတော်မူလေသည်[၁]။

**အဘိဓမ္မာ တရားတော်**

ဓမ္မ ဟူသော အမည်သည် သုတ္တန် အဘိဓမ္မာ ၂-မျိုးလုံးနှင့် ဆိုင်သောအမည်ဖြစ်၏။ ထို့ကြောင့် သုတ္တန် မဟုတ်သော တရား တစ်မျိုးကို ''အဘိ''ဟု အထူးပြု၍ ''အဘိဓမ္မ''ဟု ခေါ်ရသည်။ သုတ္တန်၌ ခန္ဓာ ၅-ပါးအကြောင်းကို အကျဉ်းမျှသာ ဟောတော်မူ၏၊ အဘိဓမ္မာ၌ ခန္ဓာ ၅-ပါးကို နည်း ၃-မျိုးဖြင့် ချဲ့ထွင်၍ အကျယ် ဟောတော်မူ၏၊ ဤသို့ တရားချင်း တူလျှင် သုတ္တန်ထက် ထူးကဲ ကျယ်ဝန်းရကား ''အဘိ=သုတ္တန်ထက် သာလွန် ထူးကဲသော + ဓမ္မ=တရားတော်''ဟု အမည်ထူးပြုကာ အဘိဓမ္မာဟု ခေါ်ဆိုရပေသည်။ ဤ အဘိဓမ္မာ၌ သုတ္တန်ကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသော အရပ်အသုံးအနှုန်းများကို မသုံးတော့ဘဲ ''ဖဿ ဝေဒနာ''စသော ပရမတ္ထအမည်များကိုသုံးနှုန်း၍ ဟောတော်မူသောကြောင့် သုတ္တန်တရားကဲ့သို့ လူအများ၏ စိတ်ကို မဆွဲဆောင်နိုင်ပါ။ ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ၊ ရုပ်နှင့်နာမ်သာ လောက၌ အထင်အရှား အစစ်အမှန်ရှိကြောင်းကို ညွှန်ပြသော တရားတော်သာ ဖြစ်ပါသည်။ ဤသို့ ရုပ်နှင့် နာမ်သာ အစစ်အမှန် ရှိကြောင်းကို ညွှန်ပြနိုင်ခြင်းသည် အဘိဓမ္မာ၏ မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၂]။

**အဘိဓမ္မာ၏ အရသာ**

အဘိဓမ္မာသည် သတ္တဝါ အများ၏ စိတ်ကို သုတ္တန်လောက် မဆွဲဆောင်နိုင်သော်လည်း အဘိဓမ္မာအကြောင်းကို ကောင်းကောင်း သိသော ပညာရှိသူတော်ကောင်းတို့မှာ အရသာရှိလှပါပေသည်။ သက်ရှိသတ္တဝါ သက်မဲ့ အရာဝတ္ထုဟူသမျှ၌ ပုဂ္ဂိုလ်

၁။ အင်္ဂုတ္တိုရ်၊ တိကနိပါတ်။

၂။ အဋ္ဌကထာအဖွင့်။

သတ္တဝါဟူ၍ အစစ်အမှန်မရှိ၊ ရုပ်နှင့်နာမ်သာ ရှိ၏''.ဟုလည်းကောင်း၊ ထိုရုပ်နှင့် နာမ်သာ သွားမှုလာမှုစသော ကိစ္စစုကို ပြီးစီးအောင် ပြုနိုင်ကြ၏ဟုလည်းကောင်း ကောင်းကောင်းကြီး သိကြရသောအခါ အရသာရှိလှပါပေသည်။ ထိုရုပ်နာမ်တို့တွင် ဤသဘောသည် ဖဿ၊ ဤသဘောကား ပထဝီ၊ ဤသို့ စသည်ဖြင့် နာမည်တပ်၍ ဟောပြမှုမှာ ဘုရားဉာဏ်တော်၏ အရာတော်သာ ဖြစ်ပါသည်။ ဘုရားရှင်သာ ပွင့်တော်မမူ၍ မလာပါလျှင် ထိုတရားတို့၏ သဘောကို စုံစုံလင်လင် သိမြင်နိုင်ဖို့ကို မဆိုထားဘိ၊ နာမည် တပ်ဖို့ပင် ခဲယဉ်းလှပါသည်။ ထိုသဘောတရားတို့ ဖြစ်ရာ၌ ''မည်သည့် တရားပြီးမှ မည်သည့်တရား ဖြစ်နိုင်၏'' စသော ဝီထိအစဉ်ကိုလည်းကောင်း၊ ထိုတရားတစ်မျိုး ဖြစ်ပေါ်လာဖို့ရန် ''မည်ရွေ့မည်မျှသော တရားတို့က မည်သို့သောသတ္တိဖြင့် စိုင်း၍ ကျေးဇူးပြုကြရ၏''စသော ပဋ္ဌာန်း ပစ္စည်း များကိုလည်းကောင်း သိရသောအခါ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ကို အံ့ချီး၍ မကုန်အောင် ကြည်ညိုလာသောကြောင့် ထိုဒွါ၏ တပည့် သာကေ အဖြစ်ဖြင့် စနစ်ကျကျ နေထိုင်ရသည်ကို အလွန်ဂုဏ်ယူလိုသောအရသာ ဖြစ်ပေါ်၍ လာနိုင်ပါသည်။ ဤသို့သော အရသာကို ခံစားရခြင်းသည် အဘိဓမ္မာ၏ ကောင်းမွန် မှန်ကန်ခြင်းပင် ဖြစ်ပါသည်[၁]။

**ပြန်၍ အာရုံယူပါ**

ဗုဒ္ဓမြတ်စွာ၏ ဝိနည်း တရားတော်များသည် သာသနာတော် အတွက် အသက်ပင် ဖြစ်သောကြောင့် ဝိနည်း တရားတော် အတိုင်း သံဃာတော်များဘက်က နေထိုင်မှသာ သာသနာတော် အသက်ရှည်နိုင်ပါမည်။ ဝိနည်းတော်အတိုင်း မနေထိုင်သူ ပေါများလာလျှင် လူဝတ်ကြောင်များနှင့် မထောက်ပံ့ဘဲ နေရုံမျှဖြင့် ကိစ္စပြီးသော်လည်း ပေါ့ပေါ့ဆဆ နေထိုင်ကြသော သံဃာတော်များမှာ မိမိတို့အတွက် သာသနာ အသက် ထွက်ရမည်ဖြစ်သောကြောင့် သံဃာအဆက်ဆက် ဒုက္ခတွင်းသို့ နက်စွာ ကျရောက်စရာ ရှိနေပါသည်။ သုတ္တန်တရားတော်များသည် လူအများ၏ စိတ်ကို ဆွဲဆောင်နိုင်သောကြောင့် သုတ္တန်တရားတော်တွင် လေးနက်သော ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် ဓမ္မစကြာ အနတ္တလက္ခဏသုတ် တရားတော်များကို ပိုင်နိုင်စွာ လေ့လာကြဖို့ အရေးကြီးလှပါသည်။

---

၁။ ပရိဝါပါဠိတော်စသည်။

အဘိဓမ္မာ တရားတော်မှာ မြန်မာနိုင်ငံဝယ် ရှေးဆရာတော်ကြီးများ၏ ကျေးဇူးကြောင့် တရားတော်၏ နက်နဲမှု ခက်ခဲမှု အရသာကို ကောင်းစွာ ခံယူနိုင်ကြပါသည်။ မိမိတို့ ခံယူနိုင်သကဲ့သို့အထက်တန်း တရားကို လိုက်စား လိုကြသော ပြည်တွင်းပြည်ပ လူဝတ်ကြောင်များလည်း ခံယူနိုင်လောက် အောင် ကြိုးစားနိုင်ပါလျှင် အဘိဓမ္မာတရားတော်၏ အရသာကို လူများ စုလည်း သိနိုင်ခွင့် ရှိပါလိမ့်မည်။

ဤသို့ တရားတော်၏ အကြောင်းကို ကောင်းကောင်းသိသူ တရားတော် ကို နာရကျင့်ရ၍ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ ငြိမ်းအေးခွင့်ရသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ် သတ္တဝါသည် အဘယ်မှာ လျှင် တရားတော်ကို မဆည်းကပ် မကိုးကွယ်ဘဲ နေနိုင်ပါတော့အံ့နည်း။ စွမ်းနိုင်သမျှ ကျင့်ခြင်းအားဖြင့် လည်းကောင်း၊ တရားတော်၏ တည်တံ့ ထွန်းကား ပြန့်ပွားဖို့ရန် ထောက်ပံ့ခြင်းအားဖြင့် လည်းကောင်း ယုံကြည် လေးမြတ် အသက်အပ်၍ ဆည်းကပ် မြတ်နိုး ကိုးကွယ်မည်သာ ဖြစ်ပါ သတည်း။

သာဓု....သာဓု....သာဓု။

## ၄။ သံဃ သုပ္ပဋိပတ္တိ

## (သံဃာတော်၏ ကောင်းစွာကျင့်ခြင်း)

**သံဃာဟူသည်**

ဗုဒ္ဓမြတ်စွာ၏စကားတော်ဖြစ်သော ဝိနည်းဥပဒေသကို လိုက်နာရသော တပည့်သာဝကအစုအဝေးကို "သံဃာ" ဟုခေါ်ရ၏။ ထိုသံဃာတော်သည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ပြီးသော အရိယာသံဃာတော်၊ အရိယာအဖြစ်သို့ မရောက်သေးသော ပုထုဇဉ် သံဃာတော်ဟု ၂-မျိုး ကွဲပြား၏။ အရိယာသံဃာတော်သည် ကောင်းသောအကျင့်ကို ကျင့်ခြင်းဟူသော ဂုဏ်ကို အမြဲရနေ၏။ ပုထုဇဉ် သံဃာတော်ကား၊ တမင်လာ ကြိုးစား၍ ကောင်းသောအကျင့်ကို ကျင့်နိုင်သူသာ ကိုသုပ္ပဋိပတ္တိဂုဏ်ကို ရနိုင်ပါသည်[၁]။

**ရှေးဦး သံဃာတော်များ**

ဗုဒ္ဓမြတ်စွာပွင့်တော်မူလာပြီးနောက် လေးဆယ့်ငါးရက်လောက်ကြာသောအခါ ဗာရာဏသီမြို့ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ၅-ပါးဟူသော အရိယာသံဃာတော် အဖွဲ့အစည်းသည် ပေါ်လာ၏။ ထိုသံဃာတော်များ၏ စားဝတ်နေမှုကိစ္စ၌ ဘာမျှ တာဝန် မကြီးကြ၊ အားလုံး ဆွမ်းခံကြ၍ လောင်းလှူလိုသော အိမ်တိုင်းမှ တစ်အိမ်တစ်လုတ်စာ ရအပ်သော ဆွမ်း ဖြင့် မျှတတော်မူကြ၏။ အဝတ်အနေ မှာလည်း သင်္ကန်းတော် လုံလောက်ရုံသာ ဖြစ်၏။ ထို့နောက် အဆက်ဆက် ဖြစ်ပေါ်လာသော သံဃာတော်များလည်း ရှေးဆောင်တော်များ၏ ထုံးစံ အတိုင်းသာ ကျင့်သုံးနေထိုင်တော်မူကြ၏။ ဤနေထိုင်နည်းတွင် နောက် နောင်အခါ ကျောင်းဆောက် လှူဒါန်းလိုသော ဒါယကာ ဒါယိကာမများ ပေါ်လာသောကြောင့် သံဃာအများ သီတင်းသုံးရာဌာနနှင့် ကြီးမားသော ကျောင်းများလည်း ပေါ်ပေါက်လာခဲ့ကြ၏။ အစားအဝတ်မှာ အလွန် မကြီးကျယ်လှပါ[၂]။

**တာဝန်ပေါ့သော သာသနာ**

လောကီလူတို့၌ တာဝန်ကြီးနေသည်မှာ စားဝတ်နေမှု ကိစ္စပင် ဖြစ်၏။ ဗုဒ္ဓမြတ်စွာ သာသနာ့ဝန်ထမ်း ရဟန်း သံဃာတော်များ၏ စားဝတ်နေမှု ကိစ္စကား အလွန် တာဝန် ပေါ့လှပေသည်။ လူတို့က နေ့စဉ် စားရေးကို ပေးလှူနေရသည်မှာ

---

၁။ သံဃာ့ဂုဏ်တော်ဖွင့်။

တစ်အိမ်လျှင် တစ်လုတ်စာမျှသာဖြစ်၍ ထိုတစ်လုတ်စာကိုသော်မှ သဒ္ဓါရှိသူသာ ပေးလိုမှ ပေးခွင့်ရှိရကား အလှူရှင်တို့မှာလည်း တာဝန်မကြီးလှပါချေ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ တည်ရှိနေပုံမှာ လွန်စွာ တာဝန်ပေါ့၍ ထိုသာသနာတော်မှ ရအပ်သော အကျိုးအမြတ်ကား ယူတတ်ပါလျှင် အဖိုးမဖြတ်နိုင်အောင် မြားမြောင်လှပါပေသည်[၁]။

ဒါယကာလည်း မမဲ့နိုင်

ဗုဒ္ဓမြတ်စွာသည် စားရေးအတွက် အခက်ကြုံနေကြသော ဒုဗ္ဘိက္ခကာလဝယ် နာဠန္ဒာမြို့သို့ ရဟန်းတော်များစွာနှင့်အတူ ဒေသစာရီ လှည့်လည်တော်မူယင်း ရောက်တော်မူလသည်။ ထိုအခါ နိဂဏ္ဌ ဆရာကြီး၏ တပည့်ဖြစ်သော ဂါမဏိသည် (သူ့ဆရာကြီး၏ တိုက်တွန်းချက်အရ) ဗုဒ္ဓမြတ်စွာ၏ အထံသို့လာ၍ "အရှင်ဘုရားသည် သတ္တဝါအများကို သနားသည်ဟု ဆိုပါလျက် ယခုလို ဒုဗ္ဘိက္ခအခါဝယ် ရဟန်းအများနှင့်အတူ လာ၍ဆင်းရဲသူများထံ ဆွမ်းခံစားနေသည်မှာ လူတွေသေကြေပျက်စီးအောင် ဖျက်ဆီးရာမရောက်ပါလော" ဟု အပြစ်တင်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ထွက်သက်လေ၏ ပြန်၍ မဝင်မီ အချိန်လောက်၌ ကိုးဆယ့်တစ်ကမ္ဘာ အတွင်းဝယ် မိမိတို့ ချက်ပြီးအစာကို ပေး၍ မွဲနေသူ ရှိမရှိကို ဆင်ခြင်တော်မူရာ တစ်ယောက်တစ်လေမျှ မရှိကြောင်းကို မြင်တော်မူသောကြောင့်–

အို-ဂါမဏိ၊ မိမိတို့စားဖို့ ချက်ပြီးသား ထမင်းကို ပေးလှူ၍ မွဲသွားသူဟု ကိုးဆယ့်တစ်ကမ္ဘာအတွင်း၌ မရှိခဲ့ဘူးချေ။ ကြီးပွားချမ်းသာ နေသူတွေမှာ ဒါနကြောင့်၊ သစ္စာကြောင့်၊ သီလကြောင့်သာ ဖြစ်ကြပေသည်။ စင်စစ်အားဖြင့် မွဲနေသူတို့မှာ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရသူ၊ ကံမကောင်းသဖြင့် မြှုပ်နှံထားသော ပစ္စည်းများကို နေရာရွှေ့သွားခြင်း ခံရသူ၊ မိမိမကျွမ်းကျင်သော အလုပ်အကိုင်ကို လုပ်ကိုင်မိသူ၊ အနိစ္စသဘောနှင့် ကြုံတွေ့ရသူ ဤရှစ်မျိုးသာ ရှိနိုင်သည်–

ဟု မိန့်တော်မူပါသည်[၂]။

---

၁။ ထိုထိုပါဠိတော်များ။ ၂။ သဠာယတန ဂါမဏိဝဂ္ဂသံယုတ်။

**အကောင်းဆုံး ဒါနမှု**

ဗုဒ္ဓမြတ်စွာသည် မိမိတို့စားဖို့အတွက် ချက်ထားသော အစာကို လှူမှုကြောင့် (စားဦးစားဖျားကို လှူမှုကြောင့်) မမွဲနိုင်ဟုသာ မိန့်တော်မူ၏။ မိမိမှာ အပိုမရှိဘဲ ကြွေးယူ၍လှူခြင်း၊ ဂုဏ်ပကာသနကို မျှော်၍ ရှိသမျှ အရင်းကလေးပါကုန်အောင် လှူခြင်းစသည်များကိုကား မမွဲနိုင်ဟု မိန့်တော်မမူပါ၊ ထို့ကြောင့် နောက်ဘဝအတွက်လည်း ဒါနအကျိုးကို အပြည့်အစုံ ခံစားနိုင်၊ ဤဘဝ၌လည်း မွဲ၍မသွားနိုင်၊ သာသနာတော်၏ တာဝန်ကို ထမ်းရာဝယ် အရေးအကြီးဆုံး ဖြစ်သော အာဟာရကို နေ့စဉ် ထောက်ပံ့မှုလည်း ဖြစ်နိုင်သော မြန်မာနိုင်ငံ၏ ရှေးရိုးစဉ်လာ နံနက်အခါ၌ ဆွမ်းတော်လောင်းမှုသည် ရှေးရှေးအခါဝယ် ဣန္ဒြေ သိက္ခာဖြင့် စီတန်း၍ ဝင်လာကြသော သံဃာတော်များကို နံနက်စောစော ဖူးမြင်ကြရသောကြောင့် ရပ်ရွာ၏ ကျက်သရေမင်္ဂလာကို ဆောင်နိုင်သော အကောင်းဆုံးဒါနမှုကြီး ဖြစ်ပါပေသည်[၁]။ .

**ကောင်းစွာ ကျင့်ခဲ့ကြခြင်း**

"သုပ္ပဋိပတ္တိ ကောင်းစွာ ကျင့်ခြင်း" ဟူသည်. ဝိနည်းတော်၌လာသော သိက္ခာသီလကို မကျိုးမပေါက်ရအောင် ကျင့်ခြင်း၊ သမထကမ္မဋ္ဌာန်း တစ်မျိုးမျိုးကို အားထုတ်သောအားဖြင့် သမာဓိ (စိတ်တည်ကြည်မှု)ရအောင် ကြိုးစားခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သောအားဖြင့် ရုပ်နာမ် ခန္ဓာအပေါ်၌ အသိမှန်ပညာတိုးပွားအောင် ကြိုးစားခြင်း၊ ဤ ၃-မျိုးကို ကျင့်နေခြင်း ကြံစည်နေခြင်း ကြိုးစားခြင်း အားထုတ်ခြင်းပင် ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ဝါတော် ၂၀-အတွင်း၌ ရဟန်းသံဃာတော် အားလုံးပင် ဤကဲ့သို့ ကျင့်နေကြသောကြောင့် ဗုဒ္ဓမြတ်စွာသည် လွန်စွာအားရတော်မူ၏။ ဝါတော် ၂၀-ကျော်သောအခါ၌ကား ကောင်းစွာမကျင့်သူ အနည်းငယ်ပေါ်လာသောကြောင့် "မည်သည့်အမှုကို မပြုကျင့်ရ၊ ပြုကျင့်လျှင် မည်သည့်အာပတ်"ဟု နာမည်တပ်၍ သိက္ခာပုဒ်ကြီးတွေ ပညတ်တော် မူရလေသည်[၂]။

**ပရိယတ်သင်ယူ ပို့ချမှု**

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာ၍ တရားဟောတော်မူသောအခါ တရားတော်အတိုင်း ကျင့်ကြံ နေထိုင်ရသော အလုပ်သာမက ထိုတရားတော်ကို နာယူရခြင်း၊ မှတ်သား၊

---

၁။ မြန်မာ့ ထုံးစံဟောင်း။ ၂။ ပါရာဇိကဏ်အဋ္ဌကထာစသည်။

ရခြင်း၊မမေ့အောင် ဆောင်ထားရခြင်း၊တစ်ဆင့်ဟောပြသောအားဖြင့် ပို့ချရခြင်းအလုပ်များသည် မလွဲမရှောင်သာ ဖြစ်ပေါ်လာ၏။ထိုအလုပ်ဖြစ်ပေါ်လာရာ၌ ကျင့်ခြင်းအလုပ်ကို ပဋိပတ်ဟုလည်းကောင်း၊ သင်ယူမှတ်သား၍ ဆောင်ထားခြင်း ပို့ချခြင်းအလုပ်ကို ပရိယတ်ဟုလည်းကောင်း ခွဲခြား၍ ခေါ်ရသည်။ ထိုပရိယတ်အလုပ်ကို စိတ်ကောင်း စေတနာကောင်းဖြင့် ပြုလုပ်နေလျှင် လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယစသော အကုသိုလ်တရား အဖြစ်နည်းပါး၍ ကုသိုလ်တရား အဖြစ်များသောကြောင့် ကောင်းစွာ ကျင့်ခြင်း အလုပ်ဟုပင် ခေါ်ရပေသည်[၁]။

**ပရိယတ်** ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော် အခါ၌ ပါဠိတော်နှင့် ကျယ်ပြန့်လာခြင်း ဘုရားရှင် ကိုယ်တော်တိုင် အဓိပ္ပာယ် နားလည်အောင် ဖွင့်ပြသော အဖွင့်အနည်းငယ်ကိုသာ သင်ယူမှတ်သားရပါသော်လည်း ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး၍ ပထမသင်္ဂါယနာ တင်စဉ်ကပင် အဋ္ဌကထာ အစဉ်ပေါ်လာပြီး ဖြစ်သောကြောင့် အဋ္ဌကထာကို သင်ယူမှတ်သားရခြင်း၊နောင်အခါ၌ အဋ္ဌကထာ၏ အဓိပ္ပာယ်ကို ဖွင့်ပြသောဋီကာ ဂဏ္ဌိ အစရှိသည်တို့ပါ တစ်ဆင့်တစ်ဆင့် ပေါ်လာပြန်ရာ ထိုကျမ်းစာတို့ကိုပါ သင်ယူရခြင်းကြောင့် ယခုအခါ၌ ပရိယတ် သင်ယူပို့ချရသောကိစ္စသည် အလွန် ကျယ်ဝန်း၍ လာရလေသည်။ ထိုအားလုံးကို တစ်ပါးတည်းက သိမ်းကျုံးပိုင်နိုင်မှုမှာ မဖြစ်နိုင်အောင် လက်လျှော့ရသော ကိစ္စကဲ့သို့ ဖြစ်လာပါသည်။ ထို့ကြောင့် နောင်အနာဂတ်ကာလ၀ယ် အခြေခံ ပရိယတ်ကိုသာ အများစုက သင်ယူကြ၍ အထက် ပိဋကပရိယတ် ဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့ကိုကား ၀ါသနာ ပါရာ၀ယ် ကောင်းစွာ နိုင်နင်းဖို့ရန်သာ ကြိုးစားသင့်ပေတော့သည်[၂]။

**ပရိယတ်လည်း** ပရိယတ်၌ စိတ်၀င်စားမှု များနေသောအခါ အကျင့်အကျင့်ဘက်ပါသင့် ပဋိပတ်၌ အမှတ်တမဲ့ထား၍ ပေါ့လျော့ သွားတတ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏အလိုမှာ ပရိယတ်ကို မဆောင်နိုင်သူ၏ အတင်းအကြပ် ဆောင်ယူရခြင်းကို လိုလားတော်မမူပါ။သံလသိက္ခာကိုသာ မကျင့်လျှင် မနေရအောင် အတင်းအကြပ် ပညတ်တော်မူပါသည်။

၁။ သမ္မောဝိနောဒနီ၀ိဘင်္ဂအဋ္ဌကထာ။
၂။ လက်တွေ့မျှော်မှန်းခြင်း။

ထို့ကြောင့် ပရိယတ်ကို သင်ယူကြ ပို့ချကြ ဟောပြကြရာ၌ လောဘ, ဒေါသ စသော ကိလေသာများလည်း သင်ယူယင်း ပို့ချယင်း ဟောပြောယင်းနည်း၍ နည်း၍ သွားအောင် သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယလည်း ကြီး၍ ကြီး၍ လာအောင် အနာဂတ်ကာလ၌ မူရင်းစိတ်ထားကိုပါ ပြောင်းလဲပေးနိုင်မှသာ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျသော ပရိယတ်သင်နည်း ဖြစ်နိုင်စရာရှိပါသည်။ ထိုသို့ လမ်းပြောင်း၍ မပေးနိုင်လျှင်ကား ဘုရားရှင်၏အလိုတော်နှင့် ဆန့်ကျင်ဘက် ဖြစ်ကာ အကုသိုလ်ကို မဘားနိုင်ဘဲ လှော်ယင်းနစ်နေသော သာသနာဘော်ကြီး ဖြစ်နေပါလိမ့်မည်[၁]။

**ပရိယတ်သည် သာသနာ့အမြစ်**

ပရိယတ်တို့တွင် ဝိနည်းပိဋက ပရိယတ်သည် သာသနာဘော် ဝင်လာသူတို့၏ ရှင်ပြုပုံ ရဟန်းပြုပုံနှင့်နေပုံထိုင်နည်း အသီးသီး ကိုပြသောကြောင့် သာသနာတော်တစ်ရပ်လုံး၏ ရေသောက်မြစ်ကဲ့သို့ဖြစ်၏။ သုတ္တန်ပိဋက အဘိဓမ္မာပိဋက ပရိယတ်များသည် ကျင့်နည်း ကြံနည်း တရားအားထုတ်နည်းတို့ကို ပြထားသောကြောင့် ပဋိပတ် သာသနာတော်၏ ရေသောက်မြစ်ကဲ့သို့ ဖြစ်၏။ နွားလားဥသဘ တစ်ရာ တစ်ထောင် ရှိသော်လည်း အမျိုးဆက်နိုင်သည့် နွားမတစ်ထောင် မပါလျှင် နွားမျိုးမဆက်နိုင်သကဲ့သို့လည်းကောင်း၊ စိန် ရွှေ ရတနာအိုးကြီးတို့မြှုပ်ထား ပြီးလျှင် ထိုအိုးကြီးကို ညွှန်ပြဖို့ရာ ကျောက်တိုင် အက္ခရာမရှိလျှင် ထိုရွှေအိုးကို မည်သူမျှ ထုတ်ဖော်သုံးစွဲမှုကို မပြုနိုင်သကဲ့သို့ လည်းကောင်း၊ ထို့အတူ ဝိနည်းသုတ္တန် အဘိဓမ္မာဟူသော ပရိယတ်သာသနာတော်သာ မရှိလျှင် ရဟန်းသံဃာ အဆက်လည်း မရှိ၊ ကျင့်စဉ်ပဋိပတ်လည်း ကွယ်ပျောက်ရ မည်သာ ဖြစ်သောကြောင့် ပိဋကကျမ်းစာကို သင်ယူပို့ချမှုဟူသော ပရိယတ် သာသနာတော်သည်သာသနာတော်တစ်ရပ်လုံး၏ အခြေအမြစ်ဖြစ်ပါသည်[၂]။

**အရှင်ဥပါလိနှင့် ဝိနည်းပရိယတ်**

အရှင်ဥပါလိသည် ရဟန်း ဖြစ်ပြီးသောအခါ တောကျောင်း၌ တရားအားထုတ်ခြင်း အလုပ်ဖြင့်သာ နေလိုသောကြောင့်ဘုရားရှင်ထံတောကျောင်းနေလိုပါကြောင်း လျှောက်လေသည်။ ထိုအခါ တောကျောင်းနေလျှင် သူ့အကျိုးသက်သက်ကိုသာ ဆောင်နိုင်၍ ဘုရားရှင်၏ အနီးအပါး၌နေလျှင် ဝိနည်းကို သင်ယူပို့ချ

၁။ မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ်။

၂။ ကေဂုတ္တရ အဋ္ဌကထာ။

လျက် သံဃာတော်အများ၏ အကျိုးတို့ကိုပါဆောင်နိုင်လိမ့်မည်ကို မြော်မြင်တော်မူ၍ တောကျောင်းနေခွင့် ပေးတော်မမူဘဲ ဘုရားရှင်ကိုယ်တော်တိုင် ဝိနည်းပိဋက ပရိယတ်ကို သင်ပေးတော်မူပါသည်။ ဤအရာဝယ် ပရိယတ်သင်မှုကို ဘုရားရှင်ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူကြောင်း သတိပြုသင့်ကြပါသည်။ အရှင်ဥပါလိသည် နောင်အခါ၌ ရဟန္တာဖြစ်၍ ဝိနည်းပိဋကပရိယတ်၌လည်း တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူကာ ဝိနည်းအရာဝယ် ဧတဒဂ်ရသောပုဂ္ဂိုလ်အဖြစ်ဖြင့် ပဌမသင်္ဂါယနာတင်သောအခါ ဝိနည်းပရိယတ်တာဝန်ကို ကောင်းစွာ ဆောင်တော်မူပါသည်[၁]။

**အရှင်အာနန္ဒာနှင့် ပရိယတ်**

အရှင် အာနန္ဒာသည်ကား ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အားလုံးကိုပင် ဗုဒ္ဓအထံတော်နှင့် အရှင်သာရိပုတ္တရာ စသော ရဟန်းတော်များ၏ အထံတော်မှ မပျောက်ပျက်အောင် ဆောင်ရွက်ထားရသော တာဝန်ကြောင့် ဘုရားရှိတော်မူစဉ် သောတာပန်အဖြစ်ဖြင့်သာ နေရ၍ရဟန္တာဖြစ်ဖို့ ကြိုးစားခွင့်မရအောင် ရှိပေသည်။ သို့သော် ပဌမ သင်္ဂါယနာတင်သောအခါ ရဟန္တာဖြစ်၍ သုတ္တန်ပိဋကနှင့်အဘိဓမ္မာပိဋကကို တာဝန်ယူကာသင်္ဂါယနာတင်နိုင်ခဲ့ပါသည်။ ဤသို့လျှင် ပရိယတ်တရားတော်များကို ဘုရားလက်ထက်တော်မှစ၍ ရဟန္တာအဆက်ဆက်တို့သည်လည်းကောင်း၊ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော် အရှင်မြတ်တို့သည်လည်းကောင်း အားကြိုးမာန်တက် ဆောင်ရွက်တော်မူလာခဲ့ကြခြင်းသည် ပရိယတ်သည်သာ သာသနာတော်၏ အခြေအမြစ်ဖြစ်၍ ပရိယတ် ပျောက်ကွယ်လျှင် သာသနာတော်တစ်ရပ်လုံး ဆုံးရှုံးရမည့်အချက်ကို လေးနက်စွာ မြော်မြင်တော်မူကြခြင်းကြောင့် ဖြစ်ပါသည်[၂]။

**သူပုန်ဘေးနှင့် သာသနာတော်အရေး**

သီဟိုဠ်ကျွန်းဝယ် ဝဋ္ဋဂါမဏိအဘယ သူပုန် ဘေးကြီး ဖြစ်ရာအခါ၌ လူအများတို့ လုပ်ကိုင်စားသောက်ခြင်းငှာ မဖြစ်နိုင်သောကြောင့် လည်းကောင်း၊ မိုးခေါင်ရေရှား ဖြစ်နေသောကြောင့် လည်းကောင်း ရဟန်းတော်များ

---

၁။ အင်္ဂုတ္တိုရ် ဧတဒဂ္ဂဝဂ် အဋ္ဌကထာ။

၂။ ပါရာဇိကဏ္ဍအဋ္ဌကထာ စသည်။

အတွက် အခက်အခဲ ကြုံတွေ့ရလေသော် ရဟန်းတော်အများပင် ဇမ္ဗူဒီပ မဇ္ဈိမဒေသသို့ ပြောင်းရွှေ့ကြရလေသည်။ ခြောက်ကျိပ်မျှသော ရဟန်းတော်တို့ကား ကမ်းနားသို့ ရောက်ပြီးမှ တစ်ဘက်ကမ်းကူးမည့် ဖောင်ကြီးပေါ်သို့ မတက်ကြဘဲ ထိုင်တော်မွတ်သော သီဟိုဠ်ကျွန်း၌ပင် နေရစ်ကြလေသည်။ ထိုသို့ နေရစ်၍ လူအများထံမှ ရသမျှသော သစ်ဥ သစ်မြစ် သစ်ရွက်ကို စားသောက်ကာ (စာအုပ်ပေစာ မရှိသေးသော ထိုအခါဝယ်)နှုတ်တက်ရထားသော ပိဋကတရားတော်များကို ရွတ်အံ၍ နေကြရှာလေသည်။ တချို့နေ့များ၌ကား သစ်ဥ သစ်ဖုမျှ မရကြသောကြောင့် လမ်းလျှောက်၍ စာမပြန်နိုင်လျှင် ထိုင်၍ စာပြန်ကြရ၏။ ထိုင်၍မျှ စာမပြန်နိုင်လျှင် သဲတွေစု၍ သဲပုံပေါ်၌ ဦးခေါင်းတင်ကာ ကျမ်းစာများကို စိတ်ဖြင့်သာ ရွတ်အံတော်မူနိုင်ကြလေသည်[၁]။

**ပြန်၍အာရုံယူပါ** သာသနာတော်၏ မကွယ်ပအောင် တည်တံ့ဖို့အရေး၌ စာပေ ပရိယတ်ကို သင်ယူပို့ချခြင်းသည် အရေးကြီး၏။

ရှေးရှေး ဆရာတော် သံဃာတော်များသည် သာသနာတော်၏ အခြေခံဖြစ်သော ပရိယတ် တရားတော်ကြီး မကွယ်အောင် ကောင်းစွာလည်းကျင့်၊ အဆင့်ဆင့်လည်း ဆောင်ရွက်ခဲ့ပေသည်။ ဤအကြောင်းကို ကောင်းကောင်းသိသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ်သတ္တဝါသည် အဘယ်မှာလျှင် စာပေသင်၍ ပို့ချနေကာ ကောင်းစွာလည်း ကျင့်နေသော သံဃာတော်ကို မကိုးကွယ်ဘဲ နေနိုင်ပါအံ့နည်း။ အသက်ကိုအပ်နှင်း၍ အရင်းဆုံး တပည့်အဖြစ်ဖြင့်လည်းကောင်း၊ သာသနာတော် တည်တံ့ရေးကို အားပေးသော ဒါယကာ ဒါယိကာမအဖြစ်ဖြင့်လည်းကောင်း၊ သာသနာအတွင်းသို့ ကိုယ်တိုင် ဝင်ရောက်၍ သာသနာ့ဝန်ထမ်း အဖြစ်ဖြင့် လည်းကောင်း ယုံကြည်လေးမြတ် ဆည်းကပ်မြတ်နိုး ကိုးကွယ်မည်သာ ဖြစ်ပါသတည်း။

သာဓု-သာဓု-သာဓု။

---

၂။ ကော့်ဇွာရ၊ ပမာဒါဒိဝဂ္ဂအဋ္ဌကထာ။

## ၅။ သာသနာ့သမ္ပဒါသွေး

**သွေးကို ဥပစာတင်ခြင်း** ဤပြခဲ့သည့်အတိုင်း ဗုဒ္ဓ၏စစ်မှန်ခြင်း၊ ဓမ္မ၏ကောင်းမွန်ခြင်း၊ သံဃာတော်၏ကောင်းစွာကျင့်ခြင်းအားဖြင့် တည်ထားအပ်သော သာသနာတော်သည် ကမ္ဘာပေါ်ဝယ် ကျေနပ်ဖွယ် အကောင်းဆုံးဖြစ်သည့်အားလျော်စွာ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဝမ်းပန်းတသာ ဂုဏ်ယူကာဖြင့် ထိုသာသနာတော်၏ အခသွေးကိုယ်တိုင် နွေးအောင် အမြဲနွေးသင့်ကြပါသည်။ ချဲ့ပါဦးမည်၊ လူတို့၏ အကြောတို့၌ လျှောက်သွားနေသော သွေးသည် တစ်နေရာ၌ အေး၍ ခဲသွားလျှင် အနာရောဂါဖြစ်၏။ သေခါနီးလျှင် ခြေလက် အစွန်အဖျားတို့၌ အေးစက်စက် ဖြစ်လာ၏။ သေသောအခါတို့၌ကား တစ်ကိုယ်လုံး၌ရှိသော သွေးများ အေး၍သွားကြလေတော့၏၊ ထိုသို့ သွေးအေးခြင်း၌ အကြောင်းရင်းကား တစ်ကိုယ်လုံး၌ ပျံ့နှံ့လျက်ရှိသော "ဥသ္မာ" ခေါ် ကမ္မဇဓာတ်ငွေ့၏ ကုန်ဆုံးခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် တစ်ကိုယ်လုံးအတွက် သွေးမအေးဖို့ အရေးကြီးသကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတော် သွေးသည်လည်းကောင်း၊ သာသနာတော်ကို အသက်အပ်၍ လေးမြတ်ကြည်ညိုကြသော တိုင်းသူပြည်သားတို့၏ တိုင်းသွေးပြည်သွေးသည် လည်းကောင်း၊ မိမိ၏ ကိုယ်ရေးကိုယ်တာ သံသရာအတွက် သွေးသည်လည်းကောင်း အမြဲတစေ အေးမနေအောင် နွေးထိုက်ကြပါပေသည်။

**အမြင့်တက်၍ ကြည့်ပါ** သဟမ္ပတိဗြဟ္မာ၏ ဗုဒ္ဓမြတ်စွာအား လျှောက်ထားသော စကား၌ "မျက်စိကောင်းသော ယောကျ်ားသည် ကျောက်တောင်ပေါ်သို့တက်၍ အောက်သို့ ငုံ့ကြည့်သော အကြည့်မျိုးကဲ့သို့ အလုံးစုံကို အကုန်မြင်လောက်အောင် ဉာဏ်စက္ခုကောင်း၍ ကိုယ်တော်တိုင်က သောကကင်းဝေး စိတ်အေးတော်မူသော ဘုရားရှင်သည် အထက်တန်းပညာ မြင့်စွာသော ပြာသာဒ်သို့တက်၍ သောကလိုက်ဆူ အပူ

မစဲ ဝမ်းနည်းနေကြသော သတ္တဝါအများကို ရှုစားတော်မူပါ''ဟူသော စကားတစ်ရပ် ပါရှိပါသည်။ ထိုစကားအလိုက် တိုင်းပြည်သာသနာတော်၏ အခြေအနေကို ကြည့်ရာ၌လည်း မိမိတို့ ကြည့်နေကျ မြင်နေကျဖြစ်သော မိရိုးဖလာ အကြည့်မျိုးဖြင့် ကြည့်၍ အကျိုးအပြစ် မစိစစ်နိုင်ပါ။ အခြားနိုင်ငံများမှ ရရှိသော ဒေသန္တရဗဟုသုတ၊ ကျမ်းစာ ပိဋကမှရရှိသော သာသနာတော် အစစ်အမှန် ဗဟုသုတများကို အခြေခံလျက် ပညာဉာဏ် ပြာသာဒ်ပေါ်သို့ တက်၍ကြည့်မှ ပတ်ဝန်းကျင် အခြေအနေကို အသေအချာ သိမြင်နိုင်ပါသည်။

**ခေတ်သစ်**

အပြိုင်ကြိုးစားနေသော ယခုခေတ်သည် မည်သည့်တိုင်းပြည်မျှ မိရိုးဖလာဖြင့် ကျေနပ်ကြသော ခေတ်မဟုတ်ပါ။ အသစ်အဆန်းဖြစ်သော နည်းသစ် လမ်းသစ်ကို စမ်းသပ်ရှာဖွေ၍ရသမျှနည်းသစ်ကိုကမ္ဘာသို့ဖြန့်ကာ ထိုနည်းလမ်းအလိုက် ထိုက်သလို ကိုယ့်နည်းနှင့်ကိုယ် ကြိုးစားနေကြသော ခေတ်ဖြစ်ပါသည်။ ထိုသို့ ကြိုးစားရာ၌ ဒေါသ မန်မာန သဘောအားဖြင့် မဟုတ်ဘဲ လူမျိုးသတ္တိကို ပြသောအားဖြင့် အပြိုင်အဆိုင် ကြိုးစားနေကြရပါသည်။ နိုင်ငံချင်းသာ အပြိုင်အဆိုင် ကြိုးစားနေသည် မဟုတ်ပါ၊ ကိုးကွယ်သော ဘာသာချင်းလည်း မသိမသာပြိုင်လျက်ပင် ကြိုးစားနေကြပါသည်။ ဤခေတ်မျိုးတွင် မြန်မာနိုင်ငံဝယ် ဗုဒ္ဓဘာသာ၏ ခေါင်းဆောင်ဖြစ်သော အရှင်တို့က အမှတ်တမဲ့ နေကြ ထိုင်ကြ၍ မိရိုးဖလာ ပညာသင်နည်းမျိုးဖြင့်သာ သင်နေကြမည် ဆိုပါလျှင် သာသနာတော်ကို တိုင်းသူပြည်သား လူအများစုက အားကိုးစရာဟု ယူဆကြလိမ့်မည် မဟုတ်ပါ။ အကယ်၍ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျဖြစ်သော မူလနေထိုင်နည်းဖြင့် နေထိုင်ကာ ပိဋကပညာကို အမြန်တတ်မြောက်၍ လူတို့အား ရောက်အောင် စီစဉ်နိုင်ပါလျှင် ဤသာသနာတော်သည် မြန်မာ၏ အသွတ်အဖြစ်ဖြင့် တည်တံ့နိုင်ရုံသာမက ကမ္ဘာ့သရဖူလည်း ဖြစ်နိုင်ပါသည်။

**မှန်ကန်၍ သတ္တိကောင်းသွေး**

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် ပြခဲ့သော ပြည့်စုံခြင်းမျိုးဖြင့် ပြည့်စုံသော သာသနာဖြစ်၍ မှန်ကန်ကြောင်းကို ယခုခေတ် ကမ္ဘာ့ပညာရှိ အပေါင်းတို့က တစ်စ တစ်စ လက်ခံလာကြပါပြီ။ ထိုသာသနာတော်၏ သွေးကောင်းပုံ

ကား ယခု အစည်းအဝေးတွင်ပါဝင်သော အရှင်များကိုယ်တိုင် စဉ်းစား မိကောင်း စဉ်စားမိပါလိမ့်မည်။ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ နားလည်၍ ယုံကြည်နေသူ ရှင်လူတစ်ယောက်သည် မည်သည့်နေရာ၌မဆို မည်သူ့ကိုမျှ ရွံကြောက်ခြင်းမရှိပါ။ ထိုသို့ မရွံကြောက်ခြင်းကား မိမိ၏ ဘာသာတရား တော်အရ သူတစ်ပါးအပေါ်၌ မတရားမကြံခြင်း၊ သူတစ်ပါး၏ ဖြစ်ထိုက် သော အကျိုးကို ရိုးရိုးသားသား လိုလားခြင်း၊ မိမိတို့ဝါဒက စစ်မှန်၍ သူတစ်ပါး၏ အယူဝါဒက အားရဖွယ် မဟုတ်ခြင်းတို့ကြောင့်၊ စိတ်ရင်း ကိုက ထိုသူတို့အပေါ်၌ အထင်မကြီးခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ရှေးရှေးဆရာတော် အကျော်အမော်များနှင့် ကင်းဝန်မင်းကြီး၊ ယော အဘွင်းဝန်စသော လူပညာရှိ သတ္တိခဲများ၊ ဗန္ဓုလစစ်သူကြီးစသော စစ်ဗိုလ် ကြီးများသည် မည်သည့်နေရာ၌မဆို သတ္တိကို ပြုနိုင်ခဲ့ကြပါသည်။

**သတ္တိနှင့်သုတ ညီမျှသင့်ခြင်း**

သတ္တိကောင်းသော်လည်း သတ္တိချည်းကား ကိစ္စ မပြီးနိုင် သေးပါ။ "သူတစ်ပါးတို့၏ ပြည်၌ မည်ကဲ့သို့ ပြုကြ၊ ပြင်ကြ ကြိုးစားနေကြသည်" ဟု သိဖို့ရန် ဒေသန္တရ ဗဟုသုတရှိဖို့ အရေးကြီးသကဲ့သို့ သာသနာရေး ဘာသာရေး၌လည်း အခြားဘာသာဝင် တို့၏ ပြုကြ ပြင်ကြပုံ၊ ရောက်ရာတိုင်းပြည်၏ အကျိုးကိုပြုနိုင်အောင် လေ့ လာကြ ကြိုးစားကြ တကယ်လည်း အကျိုးပြုနိုင်ကြပုံစသော ဘာသန္တရ ဗဟုသုတလည်း အရေးကြီးလှပါသည်။ ထိုသို့ ဗဟုသုတမရှိလျှင် မိရိုးဖလာ အလုပ်မျှဖြင့် ကျေနပ်၍ ထိုအလုပ်မျှကို အထင်ကြီးကာ မမြင်ဖူး၍ မူးကို မြစ်ထင်မှုကြောင့် ရှေးကလည်း မှားခဲ့ကြ၊ နောင်ခါလည်း မှားကြဦးမည်မှာ မမွတာပင်ဖြစ်၍ လောကသာသနာ နှစ်ဖြာလုံး၌ပင် သတ္တိနှင့်သုတ ညီမျှ အောင် ကြိုးစားသင့်ကြပါသည်။

**တိုင်းပြည်အကျိုးနှင့် သာသနာအကျိုး**

သာသနာ့ဝန်ကိုရဟန်းတော်များသည်မြန်မာနိုင်ငံဝယ် ရှေးရှေးခေတ်အားလျော်စွာ သာသနာ့တာဝန်ကိုထမ်း ဆောင်ယင်းပင် တစ်ဖက်တစ်လမ်းက တိုင်းပြည်သာ ယာအောင်လည်း ကြိုးပမ်းတော်မူခဲ့ကြပါသည်။ ကျေးရွာ ကျောင်းများ၌ ဘုန်းတော်ကြီးများသည် အများအားဖြင့် ရပ်သူရွာသားတို့၏ လေးစား ကြည်ညိုခြင်းကို ခံနိုင်လောက်အောင် သီလ သမာဓိ ရှိတော်မူကြသည့်ပြင် ကလေးသူငယ်များကို ခေတ်အားလျော်စွာ စာရေး စာဖတ် ဂဏန်းသင်္ချာ

ကိုးကြောင်းလက်ာတို့ကို သင်ပြ၍ စာရိတ္တကောင်းအောင်လည်း ဆုံးမသွန်သင်တော်မူခဲ့ကြသောကြောင့် ကလေးသူငယ် အရွယ်မှစ၍ အိမ်ထောင်ကျသည့် လူကြီးဘဝတိုင်အောင် ကျောင်းထိုင် ဘုန်းတော်ကြီးများကို ဆရာမှတ်မှတ် သမားမှတ်မှတ်ဖြင့် လေးမြတ်ရိုသေကာ အသောက်အစား အကစားမှုကိုပင် မပြုဝံ့တဲ့ ရှောင်လွှဲကြပါသည်။ ဤနည်းအားဖြင့် မြို့ကြီးပြကြီး ဆရာတော်ကြီးများလည်း သာသနာတော်၏ ပရိယတ် ပဋိပတ်တာဝန်ကို ထမ်းဆောင်တော်မူကြယင်းပင် မင်းကြီး စိုးကြီးတိုင်အောင် သွန်သင်ဆုံးမတော်မူကာ တိုင်းကျိုး ပြည်ကျိုးကို တစ်ဖက်တစ်လမ်း ထမ်းဆောင်တော်မူကြပါသည်။

စရိတ်နည်းပါး၍ အိမ်ခြေ ငါးဆယ် တစ်ရာရှိသော ကျေးရွာ၌ ထိုကဲ့သို့ အကျိုးများလှခြင်း သော ကျောင်းထိုင် ဘုန်းတော်ကြီး တစ်ပါးအတွက် ဆွမ်း၊ သင်္ကန်း ကျောင်း ဆေး စသည်း ၄-ပါးသည် မည်သို့မျှ တာဝန်မကြီးခဲ့ကြပါ။ ထိုဘုန်းကြီးတစ်ပါးကြောင့် ရွာသူ/သားငယ်တို့၏ အလွယ်တကူ ပညာသင်ယူနိုင်ခြင်းနှင့် လိမ္မာခြင်း၊ လူချယ် လူလတ်တို့၏ စာရိတ္တကို ထိန်းသိမ်းပေးနိုင်ခြင်း၊ လူကြီး သူမတို့၏ မေတ္တာကရုဏာဖြင့် အချင်းချင်း ယိုင် ပင်းကူညီလေ့အကျင့်ကို ရရှိခြင်း၊ များစွာသော ကျောင်းသား သူငယ်တို့တွင် သာသနာတော်၌ သဒ္ဓါတရားဖြင့် သာသနာ့တာဝန်ကိုထမ်းလျက် ဆရာကောင်းဖြစ်လိုသူများ ပေါ်ထွက်၍ သာသနာတော်ကို အဆက်ဆက်နိုင်ခြင်း၊ သာသနာ့တာဝန်ကို မထမ်းနိုင်၍ လူ့ဘောင်တွင် နေထိုင်ကြသူတို့က သာသနာတော်ကို ထောက်ပံ့သော ဒါယကာများ ဖြစ်လာကြခြင်းတို့မှာ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ကြသော အကျိုးကျေးဇူးများ ဖြစ်ပါသည်။

ယခုခေတ်နှင့် ယခုခေတ်သည် အလုပ်များစွာ လုပ်နိုင်သူကို ကြည်ညိုသာ၍သင့်လျော်ခြင်း သောခေတ်၊ အားကိုးသောခေတ်ဖြစ်၏။ အလုပ်များစွာလုပ်နိုင်အောင် အားအင်ကိုပြုပြင်ဖြည့်ဘင်းပေးသော ဆေးကောင်းဝါးကောင်းများလည်း ပေါ်ထွန်းလာသော ခေတ်ဖြစ်၏။ ပြခဲ့သော ကျောင်းထိုင် ဘုန်းတော်ကြီးများ၏ ကျေးရွာအပေါ်၌ မေတ္တာကရုဏာ အသိပညာဖြင့် စောင့်ရှောက်ခဲ့သော ခေတ်သည် တစ်ဖန်ပြန်၍ ဝေဝေဆာဆာ ဖြစ်ပေါ်လာလျှင် တိုင်းပြည်သာသနာ ၂-ဖြာလုံး အကျိုး

ဘက်က တိုးတက်ရမည်သာဖြစ်၏။ ဤအကြောင်းကို ကောင်းကောင်းမြင်သော ဆရာတော်များသည် ကျေးရွာဒေသ၌ ကျောင်းထိုင်ဘုန်းကြီး မလုပ်လိုကြသော၊ အရည်အချင်းလည်း အထိုက်အလျောက်ရှိကြသော တပည့်များကို တိုက်တိုက်တွန်းတွန်းဖြင့် ကျေးရွာဒေသသို့ပို့လိုက်ကြရာ ယခုအခါ အချို့ရပ်ရွာဝယ် ရွာသူ/သားငယ်တို့၏ အားထားရာဖြစ်၍ လူကြီး သူမတို့၏ ကြည်ညိုလေးစားမှုကို ခံယူကာ ပျော်မွေ့တော်မူကြပါသည်-တဲ့။ ထို့ကြောင့် တိုင်းသွေးပြည်သွေး သာသနာသွေးကို မအေးစေလိုသော အစိုးရနှင့်တကွ ရဟန်းရှင်လူ ပြည်သူအများသည် အလွန်ကောင်း၍ ခပ်ဟောင်းဟောင်း ဖြစ်နေသော ထိုခေတ်ကို ဆန်းသစ်သောနည်းတို့ဖြင့် မွမ်းမံပေးနိုင်ပါမူ စရိတ်နည်းနည်းဖြင့် အကျိုးများများ ပြီးနိုင်သော သာသနာ့အလုပ်ကြီး ဖြစ်ပါလိမ့်သတည်း။

**မထူထောင်လျှင် အပြစ်များ**

တိုင်းသွေးပြည်သွေး သာသနာသွေးကို ပူနွေးစေနိုင်သော ဤအလုပ်ကြီးကို ထမြောက်အောင်မြင်အောင် မထူထောင်နိုင်လျှင် သာသနာတော်အတွက် လောကသံသရာ နှစ်ဖြာလုံး အမြတ်မထွက်ရုံသာမက အရှုံးဖက်သို့ တိုးတက်လာပါလိမ့်မည်။ ရှင်းပြပါဦးမည်။ ကျေးရွာဒေသတို့၌ သာသနာ့တာဝန်ကို ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ နည်းပါးရာမှ တစ်စတစ်စ ကွယ်ပျောက်သွားလျှင် ကျေးရွာကျောင်းများတွင် ကျောင်းစောင့်နိုင်ရုံသာ အရည်အချင်းရှိသော ဘုန်းကြီးများ နေထိုင်ကြရပါလိမ့်မည်။ ထို ဘုန်းတော်ကြီးများသည် သာသနာ့အာသရေကို မဆောင်နိုင်ရုံမက ရပ်ရွာ၏ တတ်သိ လိမ္မာရေးကို လုံးလုံးပေးနိုင်တော့မည် မဟုတ်ပါ။ ဤကဲ့သို့ သာသနာသည် ဘုရားရှင်ကို အထင်သေးအောင် ပြုရာရောက်နေသောကြောင့် တည်တံ့နေခြင်းထက် ကွယ်ပျောက်သွားခြင်းက အပြစ်သက်သာဖို့ ရှိပါလေသည်။

**ထင်းကလားတုံး မဖြစ်အောင်**

သင်္ချိုင်း၌ သူသေကောင်ကို မီးရှို့သောအခါ အသုံးပြုရသော ထင်းတုံးကို "ထင်းကလားတုံး"ဟု ခေါ်ကြ၏။ တစ်ထွာ သာသာလောက်ရှိသော ထိုထင်းကလားတုံးတိုကလေးသည် နဂိုကပင် တစ်ဖက်သောအစ၌ မီးလောင်ထားသောကြောင့် မည်းနက်၍နေ၏။ သင်္ချိုင်းအနီးအပါး၌ မနာက်ဖေးသွားသော လူတစ်

ယောက်သည် ထိုတုံးကလေး၏ တစ်ဖက်သောအစကို အသုံးပြုပြန်ရာ ထို တစ်ဖက် အစ၌ မစင်ပေ၍ နေပြန်၍၊ ထိုတုံးကလေးသည် ရွာထဲ၌ ထင်း အဖြစ်လည်း အသုံးမပြုနိုင်တော့၊ တောထဲ၌ နောက်ထပ် မစင်သုတ်ရန် တုတ်တံ အဖြစ်ဖြင့်လည်း အသုံးမပြုနိုင်တော့သကဲ့သို့ အမိ မြန်မာပြည်၏ သားကောင်းတစ်ယောက် အနေအားဖြင့် နိုင်ငံ၏တာဝန်ကိုလည်း မထမ်း သော ခမည်းတော်ဘုရားရှင်၏ သာသနာ့တာဝန်ဖြစ်သော ပရိယတ် ပဋိပတ် တာဝန်ကိုလည်း မဆောင်သော ပုဂ္ဂိုလ်တစ်ပါးကို ထင်းကလားတုံး ပမာ သားနှင့် မယားနှင့်နေကာ ရွာ၌လည်း အသုံးမကျ၊ တရား ဓမ္မနှင့် နေကာ တော၌လည်း အသုံးမကျသောကြောင့် ရွာ-တော နှစ်ဌာန၌ အသုံးမကျဟု ပစ်ပယ်ကြပါလိမ့်မည်။

ပြုပြင်ကြပါစို့ ပြီးခဲ့သော အစီအစဉ်အတိုင်း သာသနာရေး ဘာသာရေး ကို မပြုပြင်နိုင်ကြလျှင် သာသနာ မကွယ်သော်လည်း လောကသံသရာ နှစ်ဖြာလုံး၌ အကျိုးပြုနိုင်သော သာသနာ မဖြစ်နိုင်ဘဲ ဝိနည်းတော်နှင့်လည်း ညီ၊ ခေတ်နှင့်လည်း ဆီလျော်သော နည်းဖြင့် ပြုပြင် နိုင်ကြလျှင် လောကသံသရာ နှစ်ဖြာလုံး အကျိုးပြုနိုင်ဖွယ်ရှိ၍ သာသနာ တော်သည် မြန်မာပြည်၏အထွတ်သာမက ကမ္ဘာ့သရဖူတိုင်အောင် တိုးတက် နိုင်သော လမ်းရှိပါသောကြောင့် ပရိယတ် စာသင်နည်း၌ လည်းကောင်း၊ ပဋိပတ်ကျင့်စဉ်နည်း၌လည်းကောင်း ဘုရားရှင် ဝိနည်းတော်ကိုသာ မူထား၍ လမ်းမမှားအောင် ပြုပြင်သွားဖို့ရန် ချိန်တန်ခါခွင့် အသင့် ကြုံကြိုက်နေရ ကား၊ ယခုလို အခါကောင်းကို လက်မလွှတ်စေဘဲ စိတ်ဇွဲသန်သန်ဖြင့် ပြုပြင် ဖို့ရန် စိတ်အား ထက်သန်စေလိုပါသည်။

သာဓု-သာဓု-သာဓု။

## ၆။ အနာဂတ်ပြုပြင်ရေး

**ပြုပြင်ဖို့ရန် ဝန်မလေးသင့်**

သာသနာတော်ကို မြှင့်တင်ဖို့ရန် ပြုပြင်ရသော ပထမအချိန်မှာ တာဝန်ကြီးကြီး ထမ်းကြရမည် ဖြစ်ပါသော်လည်း ထိုတာဝန် ထမ်းမှုကြောင့် မိမိအကျိုး၊ သာသနာတော်အကျိုး၊ တိုင်းပြည်အကျိုးတို့ ပွားတိုးလာမည်မှာ ကေန်ဖြစ်၍စင်စစ်ထမ်းထိုက်လှပါသည်။ ထိုသို့ မထမ်းလျှင် အနာဂတ်ကာလ၌ မိမိတို့ကဲ့သို့ တာဝန်ထမ်းမည့် ရဟန်းတော်များ ထွက်ပေါ်လာဖို့ရန် လွယ်-မလွယ်ကို လည်းကောင်း၊ ယခုလောက သာသနာ ၂-ဖြာလုံး၌ စာရိတ္တပျက်ပြုန်းနေပုံမှာ မည်မျှလောက်တိုးပွားနေ၍မည်မျှလောက်ကြောက်ရွံ့ဖွယ်ကောင်းနေသည်ကိုလည်းကောင်း ဤအတိုင်း အကျိုးအပြစ်မြင်ပါလျက် ဥပေက္ခာပြု၍လျစ်လျူရှုသွားကြလျှင် မိမိတို့မှာ တာဝန်ကျေ-မကျေ ပါရမီကုသိုလ် အရနည်း-မနည်းကို လည်းကောင်း စဉ်းစားတော်မူကြပြီးလျှင် အဆင်သင့် ရောက်နေသော ပြုပြင်ရေးခေတ်ဝယ် သာသနာတော်ပြုပြင်ဖို့ရန်လည်း ဝန်မလေးသင့်ဟု ယူဆပါသည်။

**စာတတ် ပုဂ္ဂိုလ်များ ထွန်းကားရေး**

ယခုခေတ် စာချပုဂ္ဂိုလ်များတွင် တကယ်ပင်ကြိုးစားသောပုဂ္ဂိုလ်သည် အများအပြား ရှိပါသေး၏၊ တချို့မှာ ကျန်းမာရေး မပြည့်စုံပါဘဲ သဲသဲမဲမဲ ပို့ချတော်မူကြ၏၊ စာသင်ပုဂ္ဂိုလ်များတွင်လည်း အထူးကြိုးစားသူတွေ အများအပြားပင် ရှိပေ၏၊ အချို့မှာ သေသေကျေကျေ ကြိုးစားကြ၏။ သို့ရာတွင် အများစု၏ ကြိုးစားမှုမှာ စာမေးပွဲသာလျှင် ပန်းတိုင်ဖြစ်နေ၏။ စာမေးပွဲဟူသည်မှာ စာတတ်ခြင်း၏ အခြေခံသာဖြစ်၏။ လောကီ သာသနာ ၂-ဖြာလုံး၌ပင် စာမေးပွဲအောင်ရုံသက်သက်ဖြင့် "စာတတ်" မဖြစ်နိုင်ပါ။ စာမေးပွဲအောင်ပြီးနောက် ဆိုင်ရာကျမ်းစာ ဆိုင်ရာအလုပ်ကို လက်တွေ့လုပ်၍ အသားကျမှသာ

ဆိုင်ရာ အတတ်၌ အထိုက်အလိုက် ကျွမ်းကျင်သူ ဖြစ်နိုင်ပါသည်။ ရှေးခေတ်၌ ကျွမ်းပြူ ပညာရှိပုဂ္ဂိုလ်ထူးတို့သည် စာအောင်ပုဂ္ဂိုလ်များ မဟုတ်ကြပါ။ အချို့ ဟုတ်စေကာမူ လက်တွေ့အလုပ်တွင် ကျွမ်းကျင်ပြီး ဖြစ်ကြပါသည်။ ထို့ကြောင့် အနာဂတ်ကာလ၌ စာမေးပွဲများကိုလည်း အခြေခံရမှုကို ရှေးရှု၍ ခပ်မြန်မြန် ပြီးမြောက်အောင် ပြုပြင်သင့်ကြပါသည်။

**သမာဓိလည်း ရဖို့လိုခြင်း**

ဗုဒ္ဓမြတ်စွာသည် များစွာသော နေရာတို့၌ "သမာဓိရှိမှ အစာအမှန်ကို သိနိုင်၏" ဟု ဟောတော်မူပါသည်။ လက်တွေ့အားဖြင့်လည်း အထက်တန်းပညာ လိုက်စားသူတိုင်းပင် မိမိသမာဓိကို မိမိဘာသာ ထူထောင်ဖို့ရာ ဆိတ်ငြိမ်သော နေရာကို ရှာဖွေကြရပါသည်။ ထို့ကြောင့် ပိဋကတ်စာပေပညာကို လိုက်စားသော ရဟန်းတော်တို့အတွက် ငြိမ်သက် တိတ်ဆိတ်မှု သာမက သမာဓိ အားကောင်းဖို့ရာ ဘာဝနာ တစ်မျိုးမျိုးကိုလည်း ဝါသနာအားလျော်စွာ ကြိုးစားသင့်ကြပါသည်။ မြန်မာမင်းများ လက်ထက်က ဆရာတော်များသည် နေ့အခါ၌ စာပေ ပို့ချ၍ ညဉ့်အခါ၌ ဘာဝနာပွားလေ့ ရှိတော်မူကြကြောင်းကို ကြားဖူးပြီး ဖြစ်ကြပါလိမ့်မည်။ တိုးတက်ရေးကို လိုလားသော ယခုခေတ်၌ သာမဏေဘဝမှစ၍ ဗုဒ္ဓါနုဿတိ မေတ္တာစသော ပိုးရာဘာဝနာကို နှုတ်ရွတ်ဆိုရုံဖြင့် မပြီးစေဘဲ ဘာဝနာအလုပ်သစ်တစ်ခုအဖြစ်ဖြင့် ကြိုးစားပေးမှသာ သမာဓိ တိုးပွားလာဖွယ် ရှိပါသည်။

**အနေအထိုင်စသည် ပြုပြင်သင့်ခြင်း**

အနာဂတ်ကာလ၌ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများ၏ အနေအထိုင် အသွားအလာ အဝတ်အစား စိတ်နေ သဘောထားပါ ယခုထက် အဆင့်အတန်းမြင့်လာအောင် ကြိုးစားသင့်ကြပါသည်။ ကျေးရွာဒေသ၌ နေကြရသူ လူအများစုသည် စိတ်နေသဘောထား ရိုးသားဖြူစင်ပါလျက် အနေအထိုင် အဝတ်အစား အသွားအလာ မသတ်ခြင်းကြောင့် မြို့ပြသို့ရောက်သောအခါ အထင်သေးခံကြရသကဲ့သို့ ရဟန်းသာမဏေများလည်း ထို့အတူပင် အထင်သေးခံကြရပါသည်။ ထိုအထင်သေးခံရမှုသည် သာမန်ကိစ္စ မဟုတ်ပါ။ မိမိအတွက် အလုပ်ကိစ္စတိုင်း၏ အနှောင့်အယှက်ဖြစ်နိုင်၍ မိမိပါဝင်သော သာသနာတော်ကိုလည်း အထင်သေးခံရမည့်ပြင် မိမိကိုရှိခိုးဦးချသော နိုင်ငံသူနိုင်ငံသားကိုပါ

တိုင်းတစ်ပါးသားတို့၏ အထင်သေး အမြင်သေးကို ခံရတတ်ပါသည်။ ထို့ကြောင့် သာသနာရေးနှင့် တိုင်းပြည်အရေးကို အလေးပြုလိုပါလျှင် မိမိကိုယ်ရေးကိုပင် ပြုပြင်သင့်ကြပါသည်။

**တိုင်းပြည်ကို ငဲ့ပါ**

ယခုခေတ်၌ တိုင်းပြည်အချင်းချင်း ဂုဏ်ပြိုင်နေကြရကြောင်းကို ရှေ့၌ ပြခဲ့ပါပြီ။ ဂုဏ်ပြိုင်ကြသောကြောင့်ပင် တစ်စုံတစ်ခုပြိုင်ဆိုင်မှု၌ အနိုင်ရလာခဲ့သော အသင်းအပင်းအား (သို့မဟုတ် တစ်စုံတစ်ယောက်အား) တခမ်းတနား ဂုဏ်ပြုကြရပါသည်။ ထိုသို့ဂုဏ်ပြုခြင်းကား အနာဂတ်ကာလ၌ ဤကဲ့သို့ ဂုဏ်ထူးဆောင်များ ထွန်းကားလာစေဖို့ရန် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို လူအများစု ကိုးကွယ်နေသောကြောင့် ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံဟု ကမ္ဘာက အသိအမှတ်ပြုခံရသော ဤနိုင်ငံသို့ ဒေသန္တရဗဟုသုတဟုလည်းကောင်း၊ ချစ်ကြည်ရေးဟုလည်းကောင်း အမည်ခံ၍ရောက်လာကြသော နိုင်ငံခြားသားတို့သည် စေတီများနှင့်အတူ သင်္ကန်းဝါကို ဆင်တူဝတ်ကြသော မိမိတို့ကို မြင်သောအခါ အရာရာကို စုံစမ်းကြပါသည်။ ထိုသို့စုံစမ်းရာ၌ ဂုဏ်ပြုစရာအနေအားဖြင့် မျက်နှာတင်းတင်း နှုတ်ရှင်းရှင်းဖြင့် ပြောပြလိုကြပါသည်။ ဂုဏ်သိက္ခာကင်းမဲ့သောအနေကို နိုင်ငံခြားသားတို့အား မပြလိုမပြောလိုကြပါ။ အခါတစ်ပါး၌ နိုင်ငံခြားမှ သမ္မတတစ်ဦးကို ပွဲလမ်းများဖြင့် ညှော်ဝတ်ပြုနေစဉ် အဝတ်ပါအရှင်များကို မြင်၍ မေးမြန်းသော အခါ အိမ်ရှင်လူကြီးတို့မှာ မပီဘပီဖြင့် မကြည်မသာ ပြောဆိုရပါသည်တဲ့။ ထို့ကြောင့် အနာဂတ်ကာလ၌ တိုင်းပြည်ကိုငဲ့သောအားဖြင့် မိမိ၏ အနေအထိုင် အသွားအလာ အပြောအဆို ဒွါရမှဒွါရကို ဣန္ဒြေရသည်ထက်ရအောင် ပြုပြင်၍မသွားသင့်သောနေရာများသို့မသွားဘဲ ရှောင်ရှားသင့်ကြပါသည်။

**ဘာသာ သာသနာကို ငဲ့ပါ**

သာမန်ရိုးရိုးနေသော အရှင်တို့သည် "အခြားဘာသာဝင်တို့ မည်ကဲ့သို့ ကြိုးစားနေသည်" ဟု မသိမမြင်နိုင်ပါ။ ဘာသန္တရကို စုံစမ်းသော ပုဂ္ဂိုလ်များက အခြားဘာသာဝင်တို့ ကြိုးစားပုံ၊ ထိုဘာသာရေးကို အကြောင်းပြု၍ နိုင်ငံရေးကိုပါ ကြိုးစားပုံကို တွေ့မြင်ရသောအခါ အစားအဝတ်နှင့် နေစရာတွေ မျှတ

နေပါလျက် အေးစက်စက် နေကြသော ပုဂ္ဂိုလ်အများစုကို ကြည့်ရှုကာ အားမလို အားမရဖြစ်နေကြပါသည်။ မိမိတို့ ဗုဒ္ဓမြတ်စွာ၏သာသနာတော်ကို အတုမဲ့သာသနာဟု တကယ်ယုံကြည်ကြပါလျှင် သာမန်သီလ သိက္ခာဖြည့်ရုံဖြင့် အားမရသင့်ပါ။ အတုမဲ့သာသနာဟု မယုံကြည်ပါလျှင်လည်း စားဝတ်နေရေးအတွက် ဝင်ရောက်နေသလိုဖြစ်ရကား ဘုရားပေးသော အဝတ်အစားကို ဝတ်စားနေခြင်းအားဖြင့် ယောကျ်ားမပီသနိုင်ပါ။ ထို့ကြောင့် ဘာသာသာသနာကို ငဲ့ညှာတတ်သူ မည်သူမဆို ဂုဏ္ဍြကြီးကြီးထား၍ စကားပြောနည်းပါးလျက် သာသနာ့အလုပ်ကိုသာ တွင်တွင်ကြီး လုပ်သင့်ကြပါသည်။ ကိုယ့်ကိုယ်ကို "နတ္ထိ အတ္တသမံ ပေမံ" ဟု ဟောတော်မူသည့်အတိုင်း ငဲ့ပါ မည်သူမဆို မိမိကိုယ်ကို ငဲ့စရာအကောင်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို ငဲ့ရပါမည်။ ထိုသို့ငဲ့ရာ၌ အရှည်မျှော်နိုင်မှ ငဲ့ရာ ရောက်ပါမည်။ တစ်ခဏကြည့် တစ်ဘဝကြည့်လောက်သာ ကြည့်ကာ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာကိုလုပ်နေခြင်းမှာ "ကိုယ့်ကိုယ်ကို ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်သည်"ဟု ရှေးလူကြီးတို့ ပြောကြပါသည်။ ထို့ကြောင့် မိမိကိုယ်ကို နှစ်ရာမရောက်ဘဲ ချစ်ရာရောက်အောင် ခမည်းတော်ဘုရား၏ ဩဝါဒတော်အများတွင် သီလကို ဖြည့်ကျင့်မှု ဟူသော ပထမ ဩဝါဒတော်ကို လိုက်နာဖို့ ကြိုးစားသင့်ပါသည်။ ပထမဩဝါဒတော်ကို လိုက်နာ၍ အသားကျသောအခါ သမာဓိဖြည့်မှု ပညာဖြည့်မှု ဟူသော ဩဝါဒများကိုလည်း အဆင့်ဆင့် လိုက်နာလိုသော ဆန္ဒများ အလိုလို ဖြစ်လာပါလိမ့်မည်။

မြန်မာ့စာရိတ္တကို ယခုအခါ စာရိတ္တ ကျဆင်းခြင်းသည် မိမိတို့သာသနာ ထိန်းနိုင်ခြင်း သာမက ဘာသာတိုင်းမှာပင် ညည်းညူနေရသော ကိစ္စ ဖြင်၏။ ဘာသာတိုင်းသာ မကသေး၊ နိုင်ငံတိုင်းမှာပင် အမြော်အမြင် ကြီးမားသူတိုင်း ညည်းညူနေကြပါသည်။ ဤစာရိတ္တ ကျဆင်းမှု တစ်ခုကိုသာ မပြုပြင်နိုင်ပါလျှင် မည်သည့် အရာကြီးကို ပြုပြင်နိုင်စေကာမူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ကြမည် မဟုတ်ပါ။ အကယ်၍ ချမ်းသာသည်ဟု ဆိုပါလျှင် ထိုချမ်းသာသည် သောကကင်းဝေး ငြိမ်းအေးချမ်းသာသော လူ့ချမ်းသာမျိုး မဟုတ်ဘဲ တိရစ္ဆာန်ချမ်းသာမျိုးသာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သာသနာဝင်အရှင်မြတ်တို့

သာ မိမိတို့စာရိတ္တကို ပထမထိန်း၍ ကျေးရွာဘုန်းတော်ကြီးများက ကျေးရွာ၏စာရိတ္တကို ထိန်းပေးကြမည်ဆိုပါလျှင် မြန်မာနိုင်ငံအတွက် လူချမ်းသာအစစ်ကို ရနိုင်ဖို့ရာ များစွာ မျှော်လင့်ချက်ရှိပါသည်။

**ကဿပမြတ်စွာ၏ နောက်ပိုင်းသာသနာ**

ကဿပ မြတ်စွာဘုရား၏ သာသနာတော်သည် နောက်ပိုင်းသို့ ကျရောက်သောအခါ လူအများတို့ စာရိတ္တ ပျက်ပြားရာတွင် ရဟန်း သာမဏေများလည်း ပါဝင်ကြနေလေသော် သူတော်စင် ရဟန်းခုနစ်ပါးသည် သံဝေဂ ဖြစ်သောကြောင့် တောင်ထိပ်ပေါ်သို့ လှေကားဖြင့်တက်သွား၍ တောင်ထိပ်ရောက်သောအခါ လှေကားကိုဖြုတ်ချပြီးလျှင် သေသေကျေကျေ တရားအားထုတ်ကြပါလေသည်။ ထိုရဟန်းတော်များတွင် ရဟန်းတော် ၂-ပါးသည် အနာဂါမ်ရဟန္တာဖြစ်ကြ၍ ကျန် ၅-ပါးမှာ ဤဘုရား လက်ထက်တော်၌ ကျွတ်တမ်းဝင်ကြပါသည်။ ထိုကဲ့သို့ အားမထုတ်ကြဘဲ စာရိတ္တ ပျက်ပြားနေကြသော ရဟန်းသာမဏေတို့ကား သေသည့်အခါမှ၌ ငရဲကျ၍ ငရဲမှလွတ်သောအခါ ဤဘုရားရှင် လက်ထက်တော်ဝယ် ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာအများ ဖြစ်လာကြသည်ကို အရှင်မောဂ္ဂလာန် တွေ့မြင်ရသည်ဟု ကျမ်းစာတို့၌ အဆိုရှိပါသည်။ မိမိတို့လက်ထက်၌ ထိုမျှလောက် မပျက်စီးသေးသော စာရိတ္တကို ယခုနှုယ်ကကြိုတင်၍ ပြင်ဆင်မသွားလျှင် ကဿပ ဘုရားရှင်၏ နောက်ပိုင်းသာသနာ အသွင်ကို နောင်လာ နောက်သားတို့ တွေ့မြင်ရစ်ကြရပါတော့မည်။

**မယုံလျှင်လည်း တစ်မျိုးမြင်ပါ**

ကျမ်းစာတို့၌ တိုက်ရိုက်လာသော ထိုစကားကို မယုံကြည်ဘဲ "ငရဲမရှိ ပြိတ္တာမရှိ" ဟု ယူဆပါလျှင် ဘုရားရှင်ကိုလည်း မယုံကြည်ပြီး ဖြစ်နေတော့ရကား ဘုရားရှင်၏ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေ အဖြစ်ဖြင့် မနေသင့်တော့ပါ။ အကယ်၍နေလျှင် စားဝတ်နေရေးအတွက် သက်သက် ခိုဝင်ခြင်းသာ ဖြစ်သောကြောင့် အောက်တန်း ယောကျ်ား ဘိန်းစားလောက်မျှ အရည်အသွေး မရှိတော့ပါ။ ထို့ကြောင့် မယုံကြည်လျှင် သာသနာ့အဝတ်ဝါကို ချွတ်ခွာလိုက်ဖို့လမ်းနှင့် ယုံကြည်လျှင် ငရဲပြိတ္တာ ဖြစ်စရာမဟုတ်သော အကျင့်လမ်းကိုသာကောင်းမွန်စွာ ဖြောင့်ဖြောင့်တန်းတန်း လိုက်ဖွယ် ရှိပါတော့၏။

ငရဲဆိုသည်မှာ ပြောမယုံကြုံမှသိရသဖြင့်"ဒု-သ-န-သော"ဟု အော်ကြသောသူဌေးသားတို့မှာ ငရဲသို့လက်တွေ့ရောက်မှ လူ့ဘဝကို တမ်းတရှာကြပါသည်။ ဘုရားအလောင်းတော် တေမိမင်းသားကလေးက ငရဲ၌ခံခဲ့ရပုံကို မြင်နေရသောကြောင့် ရှင်ဘုရင်စည်းစိမ်ကိုပင် မလိုချင်တော့ဘဲ တောထဲသို့ ထွက်တော်မူပါသည်။ ဤကဲ့သို့သော ဘုရားတရားတော်ကိုယုံကြည်ပါလျက် အပျက်ပျက်အယွင်းယွင်း မသန့်ရှင်းသော သိက္ခာဖြင့် နေထိုင်ခြင်းမှာ တိုင်းပြည်သာသနာနှင့် မိမိကိုပါ ချစ်ရာမရောက်ဘဲ နှစ်ရာသာ ရောက်နေပါသည်။

**လောကီရေးတွင် ပါဝင် နှောင့်ယှက် နေသည်**

လောကီရေးတွင် သာသနာရေး၌ "မည်သည့်အမှုကို မပြုရ" စသော သာသနာရေးမဝင် ပညတ်ချက်တွေပါသောကြောင့်"သာသနာရေးသည် လောကီရေးတွင် ပါဝင် နှောင့်ယှက် နေသည်"ဟု ယူဆဖွယ် ရှိပါ၏။ ထိုယူဆချက်ကို အောက်ပါ အကြောင်းအရာများဖြင့် ရှင်းလင်းသင့်ပါသည်၊ သာသနာ့အဆုံးအမကို (ဘုရားလက်ထက်တော်၌ပင်) လိုက်လိုသူ လိုက်နိုင်သူများသာ လိုက်နာခဲ့၍ မလိုက်နိုင်သူကို အတင်းအကြပ် လိုက်နာရမည်ဟု ပညတ်တော်မမူခဲ့ပါ။ ရာဇဂြိုဟ်မြို့ဝယ် ဝေဠုဝန်တိုက်တော်၌ ဘုရားရှင် သီတင်းသုံးတော်မူလေ့ ရှိပါသည်။ သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းလည်း အုပ်ချုပ်နေပါသည်။ ထိုမင်းလက်ထက်မှာပင် "ဥပုသ်နေ့ စသော နေ့ကြီးရက်ကြီးများ၌ သားငါးတို့ကို မသတ်ရ"ဟု ကြွေးကြော်ရသောကြောင့် "အခြားရက်များဝယ် သားငါးတို့ကို သတ်နေကြသည်"ဟု သိသာပါသည်။ ထိုမင်းလက်ထက်၌ပင် တံကျင်လျှိုး၍ သတ်ရသော ကိစ္စကို ကာဠဝလိယ (ကာကဝလ္လိယ) ဇာတ်၌ တွေ့ရပါသည်။ ဝေသာလီပြည်၌ သီဟစစ်သူကြီးကား သောတာပန်ဖြစ်ပြီးပါလျက် စစ်တပ်၏ သေနာပတိ ဖြစ်နေပါသည်။ ဤအချက်များကို ထောက်ထား၍ ဘာသာရေး သာသနာရေးသည် လောကီရေး၌ အနှောင့်အယှက်မပေး"ဟု သိစေလိုပါသည်။

**ရွှေတုတန်ဆာတွေ ပေါ်လာလျှင် ရွှေအစစ် တန်ဆာသည်**

သာသနာကို ဗုဒ္ဓမြတ်စွာသည် အရှင်မဟာကဿပအား မိန့်တော်မူအပ် အတွင်းကပျက်သော သာသနာကွယ်ကြောင်းတရားတို့တွင်"ရွှေဆိုင်များ၌ ရွှေတုတန်ဆာတွေ ပေါ်လာလျှင် ရွှေအစစ် တန်ဆာသည် ရောင်း၍ မတွင်ကျယ်တော့ဘဲ သိမ်ဆည်းထားရာ၌ ကွယ်ပျောက်နေရသကဲ့သို့ သာသနာတော်၌ တရားအတု ရဟန်းအတုတွေများလာလျှင် တရား

အစစ် ရဟန်းအစစ်များ ကွယ်ပျောက်ရမည်"ဟုမိန့်တော်မူပါသည်။[နိဒါန-ဝဂ္ဂ၊ ကဿပသံယုတ်၊] ဤမိန့်တော်မူချက်ကို ဦးထိပ်ရွက်ထား၍ စဉ်းစားကြပါလျှင် သာသနာတော်ကို အပြင်လူ အပြင်ဝါဒများက ဖျက်၍ မပျက်နိုင်၊ အတွင်းပုဂ္ဂိုလ်တို့ဖျက်မှ ကွယ်ပျောက် ပျက်စီးနိုင်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို အတွင်းကျကျ ကိုးကွယ်ကြသော ကျောင်းဒါယကာ ဒါယိကာမများ၊ ရှင်ရဟန်း ဒါယကာ ဒါယိကာမမိဘများနှင့် ဆရာသမား ဆရာတော်အများတို့သည် ဖျက်လိုသောစိတ် မပါသော်လည်း ဖျက်ရာရောက်နေမည့် အမှုအရာများကို မြစ်တား၍ ကြံ့ကြံ့ခံနိုင်ကြမည် ဖြစ်ပါမူ ဤသာသနာတော်ကို မည်သူမျှ ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ပါ။

**တာဝန်ရှိသူများ** သာသနာတော်ကို သန့်ရှင်းအောင် ပြုပြင်ရာ၌ တာဝန်ရှိသော အတွင်းပုဂ္ဂိုလ်တို့မှာ(၁)မိမိကိုယ်တိုင်၊(၂)မိဘ (၃) မူလဆရာတော်၊ (၄) စာသင်တိုက်ဆရာတော်၊ (၅) ကိုးကွယ်သော လူဝတ်ကြောင်များ၊ (၆) အစိုးရ ဤသို့ ၆-မျိုးရှိရာ မိမိကိုယ်တိုင် တာဝန်သိသ်ဖြင့် ပြုပြင်ပြီးဖြစ်သော ပုဂ္ဂိုလ်၊ သတိရ၍ ပြုပြင်လိုက်သောပုဂ္ဂိုလ်တို့မှာ အများအပြားရှိပြီး ဖြစ်ကြပါသည်။ မိဘများသည် အနာဂတ်ကာလ၌ သဒ္ဓါတရားရှိသော သားကိုသာ သာသနာတော်သို့ သွင်းသင့်ကြပါသည်။ မူလဆရာသမားများသည် ပရိယတ်သင်လိုသူ၊ သို့မဟုတ် ပဋိပတ်ကျင့်လိုသူ မဟုတ်လျှင် သာသနာဝင်ခွင့် မပြုသင့်ပါ၊မြို့စာသင်တိုက်များသို့လွှတ်သော အခါ မိမိတာဝန်ခံဖြင့် စေလွှတ်ရပါလိမ့်မည်။ စာသင်တိုက် ဆရာတော်များကား မိဘနှင့် မူလဆရာ စသူတို့က ကိုယ်တိုင်လာ၍ အပ်နှံမှသာ လက်ခံသင့်ကြပါသည်။ကိုးကွယ်သော လူဝတ်ကြောင်များသည် ဗုဒ္ဓဝိနည်းတော်ကို နည်းနည်းပါးပါး နားလည်သင့်ကြပါသည်။ ဤသို့ ၂-၃-၄ ဆိုင်ရာတို့က စောင့်ရှောက်ပါလျက် ဝိနည်းတော်အရ ကျေနပ်ဖွယ်မတွေ့ရလျှင် တွေ့မြင်သူတိုင်းက ဂရုမစိုက်ဘဲ နေလိုက်ရုံသာ ဖြစ်၍ အစိုးရတာဝန်မှာ စည်းကမ်းလွန်လာသူများတွင် တာဝန်မရှိသော အတုအယောင်များနှင့် ပါရာဇိကကျပြီးဟု ထင်ရှားသူများကို ဖယ်ရှား၍ တာဝန်ခံရှိသူများကိုကား အမှတ်အသားဖြင့် ဆိုင်ရာတာဝန်ရှိသူတို့ထံ သတိပေးဖို့ရန်သာလိုလှာအပ်ပါသည်။

**ပြုပြင်ရမည့် စည်းကမ်း**

ပြုပြင်ရမည့်စည်းကမ်းမှာ အသစ်အဆန်း မဟုတ်ပါ။ ဝိနည်းတော်မှာပါရှိသော သိက္ခာပုဒ်တော်များမှ ထုတ်နုတ်၍ ခေတ်အားလျော်စွာ စည်းကမ်းပြုလုပ်ထားသော ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းအတိုင်းပင် ဖြစ်ပါသည်။ ထိုအမိန့်တော်ပြန်တမ်းသည် သုဓမ္မာဆရာတော်များ သဘောတူ စီစဉ်၍ ရှင်ဘုရင်အမိန့်ဖြင့် တိုင်းပြည်သို့ ထုတ်ပြန်ထားသော ပြန်တမ်းဖြစ်၍ မြန်မာမင်းများလက်ထက်က အတည်ပြုပြီး ဖြစ်ရကား ယခုတစ်ဖန် ထပ်မံအတည်ပြု၍ ထိုအမိန့်တော် ပြန်တမ်းကိုပင် "သာသနာတော် သန့်ရှင်းရေး စည်းကမ်း" ဟု ပြဌာန်းသင့်ပါသည်။

**ပြုပြင်ရမည့် ကာလ**

ယခုအစည်းအဝေး၌ သာသနာရေးကို ပြုပြင်ဖို့ မျှော်မှန်းရာဝယ် ပရိယတ်ကိစ္စ ပဋိပတ်ကိစ္စဟု ၂-ဌာနရှိရာ ပရိယတ် စာသင်နည်းကို တစ်ထပ်တည်းဖြစ်အောင် ပြုပြင်ဖို့ မလွယ်ကူပါ။ အတော်အတန် လမ်းစဉ်တူအောင်ကား စာမေးပွဲအစီအစဉ်ကို ပြုပြင်လိုက်လျှင် ဖြစ်နိုင်စရာရှိ၍ ကာလလည်း ကြာဖို့မလိုပါ။ ပဋိပတ်ကိစ္စဟူရာ၌ ဝိနည်းတော်နှင့်အညီ နေထိုင်ဝတ်စား သွားလာမှုမျှကိုသာ ဆိုလိုရကား ထိုကိစ္စကို နဂိုကလည်း ပြုပြင်ပြီး ပုဂ္ဂိုလ်အများရှိ၍ ပြုပြင်ဖို့လိုသေးသူတို့ အတွက်မှာ တာဝန်ရှိသော မိဘ-ဆရာစသော ပုဂ္ဂိုလ်တို့က လိုက်နာကြပါမူ နှစ်တစ်ပတ်လည်လျှင်ပင် အတော်အတန် ကြည့်သာ ရှုသာ ဖြစ်လာပါလိမ့်မည်။

**နိဂုံးချုပ်**

ဤသို့ ပြုပြင်လျှင် အကျိုးရမည်ဖြစ်ပါလျက် တာဝန်ရှိသူတို့က မပြုပြင်လိုကြလျှင်ကား ဤသာသနာ တစ်ရပ်လုံး၏ သန့်ရှင်းမှုမှာ မျှော်လင့်စရာ မရှိတော့ဘဲ ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်း ကိုယ်သွားဖို့ရန် ပြင်ကြရုံသာ ရှိပါတော့သည်။ ထို့ကြောင့် ပြခဲ့ပြီးသော ညွှန်ပြချက်များကို မှတ်ထား၍ ထို့ထက်ပင် ကောင်းသော အကြံဉာဏ်များဖြင့် သာသနာတော် တည်တံ့ရေး၊ သန့်ရှင်းရေး၊ တိုးတက်ရေးဟူသော အရေး ၃-ဖြာ ပြီးစီးလာအောင် ဆရာ ဒကာ ပူးပေါင်း၍ အကောင်းဆုံး ကြိုးစားသင့်ကြပါသည်။

***

ဗုဒ္ဓဿသုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ။
သံဃဿ သုပ္ပဋိပတ္တိ၊ သော သာသနသမ္ပဒါ။

လောကေ၊ သတ္တဝါတို့၏တည်နေရာ ဤကမ္ဘာလောက၌။ ဗုဒ္ဓဿသုဗုဒ္ဓတာ၊ ဗုဒ္ဓမည်ရ ပုဂ္ဂလ၏ ဗုဒ္ဓဖြစ်ဟန် စစ်မှန်ခြင်းသည်လည်းကောင်း။ ဓမ္မဿ၊ ဗုဒ္ဓဘုရား ဟောမိန့်ထားသည့် တရားများစွာ ဒေသနာတော်၏။ သုဓမ္မတာ စ၊ ကျင့်သူတန်တန် ကောင်းရာစံ၍ နိဗ္ဗာန်သို့တိုင် ပို့ဆောင်နိုင်ခြင်းသည် လည်းကောင်း။ သံဃဿ၊ ဗုဒ္ဓဓမ္မ လိုက်နာကြသည့် သာဝကခေါ် သံဃာတော်၏။ သုပ္ပဋိပတ္တိ၊ အမိန့်တော်ချက် ဦးထိပ်ရွက်၍ နှစ်သက်ကြည်သာ ကောင်းမွန်စွာ ကျင့်ခြင်းသည် လည်းကောင်း။ သော၊ ဤသည့်ရတနာ မြတ် ၃-ဖြာ၏ ကောင်းစွာကုံလုံ ပြည့်စုံခြင်းသည်။ သာသနသမ္ပဒါ၊ တစ်ခေတ်တစ်ခါ ပေါ် ထွန်းလာသည့် သာသနာတော် ပြည့်စုံခြင်းဟု ခေါ်ပါသတည်း။ တော် သာသနံ၊ ပြည့်စုံလှစွာ ပေါ်ထွန်းလာသည် မြန်မာတိုင်းပျော် ဤသာသနာ တော်ကြီးကို။ ပဂ္ဂဏှန္တု၊ ယခုနောက်သား အကျိုးများဖို့ စွမ်းအားရှိ သလောက် အားကုန်မြှောက်၍ ပင့်ထောက်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု

စစ်မှန်သော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို တိတိ နှင့် လိုရင်းဖော်ပြချက်များအား ဖတ်ရှု ကြည်ညိုနိုင်ကြစေ ရန်အတွက်လည်းကောင်း၊

သာသနာ့ဝန်ကို မိမိတို့တတ်နိုင်သမျှ ဆောင်ကြရာ၌ စရိတ် နည်းနည်းဖြင့် အကျိုးများများပြီးနိုင်သော နည်းလမ်းများ ကို သိရှိနိုင်ကြစေရန် အတွက်လည်းကောင်း။

ဤဩဝါဒကထာကို ဆက်ကပ်လှူဒါန်းပါသည်။

ဦးကျော်ဦး+ဒေါ်စန်းစန်းလှိုင်
သမီး-မအေးအေးငြိမ်း
သား-မောင်ကောင်းထွတ်ဦး၊ မောင်အောင်ထက်
၃(ခ) ကံ့ကော်မြိုင်လမ်း၊ ပါရမီ။

၂၉
သ